# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် နိုဝင်ဘာလ ၃ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၂၀၄)၊ ၁၃၈၈ ခုနှစ် ၊ ပထမဝါဆိုလပြည့်ကျော် ၁ ရက်၊ ၃၀-၆-၂၀၂၆၊ အင်္ဂါနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကို မြန်မာနိုင်ငံသို့ အလုပ်သဘောခရီးစဉ် လာရောက်မည်

နေပြည်တော် ဇွန် ၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသို့ မကြာမီကာလအတွင်း အလုပ်သဘော ခရီးစဉ် လာရောက်မည်ဖြစ်သည်။ သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များအား တွေ့ဆုံ အမှာစကားပြောကြားစဉ်။

## နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဇွန် ၂၉

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်**

ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မိုး/ဇလ

## အများနှင့်သက်ဆိုင်သည့်လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အရှည်ကိုမြော်တွေး၍ စနစ်တကျဆောင်ရွက်

### နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များအား တွေ့ဆုံအမှာစကားပြောကြား

နေပြည်တော် ဇွန် ၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များအား ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်သမ္မတရုံးတော် အစည်းအဝေးခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဒေါက်တာ ချောချောစိန်၊ ဒေါက်တာ မျိုးသိန်းကျော်၊ ဦးမင်းနောင်နှင့် ဦးမျိုးသန့်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ တက်ရောက်ကြသည်။

စာမျက်နှာ ၃ သို့ ★

## ကျောက်ပန်းတောင်းမြို့နယ်၌ စားသုံးဆီဖူလုံရေးအတွက် မိုးသီးနှံ နှမ်း ၁၁၅၃၁၉ ဧကနှင့် မြေပဲဧက ၂၃၄၉၀ စိုက်ပျိုးထားရှိ

**ကျောက်ပန်းတောင်း ဇွန် ၂၉**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ်တွင် ပြည်တွင်းစားသုံးဆီ ဖူလုံရေးအထောက်အကူဖြစ်စေရန်အတွက် မိုးသီးနှံ နှမ်း ၁၁၅၃၁၉ ဧကနှင့် မြေပဲဧက ၂၃၄၉၀ စိုက်ပျိုးထားရှိပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်းနှင့် ရာသီဥတုကောင်းမွန်မှန်ကန်ပါက သီးနှံအထွက်နှုန်းကောင်းမည်ဖြစ်သည်။

ကျောက်ပန်းတောင်းမြို့နယ်၌ ဧပြီလကုန်နှင့် မေလဆန်းပိုင်းတွင် မိုးကောင်းစွာ ရွာသွန်းခဲ့သဖြင့် တောင်သူများ လုပ်ငန်းခွင်ဝင်ရောက်ကာ မိုးသီးနှံများ စတင်စိုက်ပျိုးနိုင်ခဲ့ကြသည်။ ထိုသို့ စိုက်ပျိုးခဲ့ရာတွင် အညာဒေသ၏ အဓိကသီးနှံများ ဖြစ်သည့်အပြင် ပြည်တွင်း စားသုံးဆီဖူလုံရေးကို အထောက်အကူပြုစေမည့် နှမ်း၊ မြေပဲ သီးနှံများနှင့် ပြည်ပဈေးကွက်ဝင် ပဲစင်းငုံသီးနှံများကို အားထားစိုက်ပျိုးခဲ့ကြသည်။ ကျောက်ပန်းတောင်းမြို့နယ်၌ ၂၀၂၆ ခုနှစ်တွင် ဆီထွက်သီးနှံအဖြစ် နှမ်းသီးနှံ ၁၁၅၃၁၉ ဧကစိုက်ပျိုးခဲ့ကြောင်းနှင့်မိုးမြေပဲကို ၂၃၄၉၀ ဧက စိုက်ပျိုးထားရှိကြောင်းသိရပြီး မြေပဲမျိုးအနေဖြင့် သက်တမ်းသုံးလသာကြာမြင့်သည့် ဒေသအခေါ် ပင်ထောင်မြေပဲ(ဆင်းပဒေသာ-၁၁)ကို အားထားစိုက်ပျိုးကြကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးမှ သိရသည်။



အဆိုပါ ဆီထွက်သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိစေရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများက မျိုးမှန်၊ မြေမှန်ဖြစ်စေရေးနှင့် မြေဆီမြေဩဇာ စနစ်တကျသုံးစွဲရေး အစရှိသောကောင်းမွန်သည့် စိုက်ပျိုးရေးနည်းလမ်းကောင်းများကို စဉ်ဆက်မပြတ် ကွင်းဆင်းပညာပေးလျက်ရှိသည့်နည်းတူ တောင်သူများကလည်း လိုက်ပါပူးပေါင်းဆောင်ရွက်ခဲ့ကြသဖြင့် ယခုအခါ စိုက်ပျိုးထားရှိသည့် နှမ်းနှင့် မြေပဲသီးနှံများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး ရာသီဥတုအခြေအနေပေးပါက ရိတ်သိမ်းချိန်တွင် ရည်မှန်းပန်းတိုင် အထွက်နှုန်းရရှိနိုင်မည်ဖြစ်ကာ ဒေသတွင်းသာမက ပြည်တွင်း စားသုံးဆီ ဖူလုံရေးကိုများစွာ အထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

(၄၅၆)

ဝ-ဝ-ဝ-ဝ-ဝ

## ပထမဆု ၁၅ သိန်း ချီးမြှင့်မည့် ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုဆိုင်ရာ Short Video ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဇွန် ၂၉**

မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသ အလှအပများနှင့် ရိုးရာယဉ်ကျေးမှုများကို ကမ္ဘာလှည့်ခရီးသွားများ ပိုမိုသိရှိလာစေရန် ရည်ရွယ်၍ "ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှု "ခေါင်းစဉ်ဖြင့် Short Videoပြိုင်ပွဲတစ်ခု ကျင်းပသွားမည်ဖြစ်ပြီး ပထမဆုကို ငွေကျပ် ၁၅ သိန်း ချီးမြှင့်မည်ဖြစ်ကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ သိရသည်။

အဆိုပါပြိုင်ပွဲကို မြန်မာနိုင်ငံရှိ စိတ်ဝင်စားဖွယ် ခရီးစဉ်ဒေသများ၊ ယဉ်ကျေးမှုအမွေအနှစ် နေရာများ၊ တိုင်းရင်းသားလူမျိုးစု တို့၏ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများနှင့်ပွဲတော်များကို ပြည်ပခရီးသွားများ ပိုမိုသိရှိပြီး လာရောက်လည်ပတ်ရန်နှင့် မြန်မာ့ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်သည်။

ပြိုင်ပွဲဝင်ဗီဒီယိုများကို ဇွန် ၂၉ ရက်မှစတင်ပေးပို့နိုင်ပြီး ဩဂုတ် ၂၁ ရက် မွန်းလွဲ ၃ နာရီ နောက်ဆုံးထား၍ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ခရီးသွားမြှင့်တင်ရေးဌာနခွဲ ဥတ္တရသီရိမြို့နယ် နေပြည်တော်သို့ ပေးပို့ရမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ဆုရရှိသည့် ဗီဒီယိုများကို စက်တင်ဘာ ၂၇ ရက်တွင် နေပြည်တော်၌ကျင်းပမည့် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ်အခမ်းအနားတွင် ခင်းကျင်းပြသသွားမည်ဖြစ်ပြီး ပထမဆုငွေကျပ် ၁၅ သိန်း၊ ဒုတိယဆုငွေကျပ် ၁၂ သိန်း၊ တတိယဆုငွေကျပ် ၁၀ သိန်းနှင့် နှစ်သိမ့်ဆု ၅ ဆုအတွက် တစ်ဆုလျှင် ငွေကျပ်သုံးသိန်းစီ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ TWA

၂၀၂၆ ခုနှစ်၊ ဇွန် ၂၀ ရက်၊ အင်္ဂါနေ့။

## ဒေသတွင်း MSME လုပ်ငန်းများကို အချိန်တိုအတွင်း မြန်ဆန်ထိရောက်စွာ အကောင်အထည်ဖော်ရမည်ဖြစ်

MSME ကဏ္ဍသည် ကုန်ထုတ်လုပ်မှု၊ ရောင်းဝယ်မှု၊ ဝန်ဆောင်မှု စသည့်လုပ်ငန်းများအားလုံး ပါဝင်နေသောကြောင့် MSME စီးပွားရေးလုပ်ငန်းများကို နိုင်ငံတော်က အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားခဲ့သည့် အချက်များနှင့် ကမ္ဘာ့အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ထည့်သွင်းပြောကြားခဲ့သည့် MSME လုပ်ငန်းကော်မတီအနေဖြင့် လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန် အခြေအနေများ၊ နိုင်ငံတော်အတွက် အကျိုးရှိမည့် ဝါ၊ ဝါး၊ ရော်ဘာနှင့် ကော်ဖီတို့ကို တိုးချဲ့စိုက်ပျိုးရေးနှင့် ကုန်ချောများ တိုးမြှင့်ထုတ်လုပ်နိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်ရမည့်အခြေအနေများ၊ အရည်အသွေးပြည့်မီသည့် နိုင်ငံတကာ ဈေးကွက်ဝင်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် ကုန်ကြမ်း၊ နည်းပညာ၊ အရင်းအနှီးနှင့် ကျွမ်းကျင်လုပ်သားစသည့် ဘက်စုံ၊ ထောင့်စုံ၊ ကဏ္ဍစုံကို ထည့်သွင်းစဉ်းစားဆောင်ရွက်ရန် အခြေအနေများ၊ လယ်ယာစိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှသာ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ စိုက်ပျိုးရေးလုပ်ငန်းတွင် အရေအတွက်နှင့် အရည်အသွေးနှစ်မျိုးလုံးတိုးတက်အောင် ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ ဇွန် ၂၇ ရက်က ကျင်းပခဲ့သည့် ကမ္ဘာ့အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနေ့ အထိမ်းအမှတ်အခမ်းအနားတွင် MSME ထုတ်ကုန်ပြပွဲကို စည်စည်ကားကားကျင်းပခဲ့ကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် MSME ထုတ်ကုန်များကို ပြည့်ပြည့်စုံစုံပြသနိုင်ခဲ့ပြီး အမယ်သစ်များထပ်မံတိုးတက်အောင် ဆောင်ရွက်ရမည့် အခြေအနေများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် မွေးမြူရေးလုပ်ငန်းများကို ခေတ်မီသည့်စနစ်များဖြင့် တိုးချဲ့ဆောင်ရွက်သွားရမည့် အခြေအနေများ၊ နိုင်ငံအတွင်း စားသုံးဆီဖူလုံမှုရှိစေရန် တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ဆီထွက်သီးနှံအမျိုးမျိုးကို တိုးချဲ့စိုက်ပျိုးပြီး ထွက်ရှိလာသည့် ဆီထွက်သီးနှံများကို အဆင့်မီဆီသန့်များ ထုတ်လုပ်နိုင်ရေးအတွက် ဆီစက်များကို အဆင့်မြှင့်တင်ရမည့် အခြေအနေများ၊ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်တစ်ခုဖြစ်သည့် ဒေသတစ်ခုထုတ်ကုန်တစ်ခု စီမံကိန်းသည် နိုင်ငံတကာတွင်လည်း အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ထုတ်ကုန်အမယ်သစ်များထုတ်လုပ်ရာတွင် ပြည်တွင်း၌ရှိသည့် ကုန်ကြမ်းများကိုသာ အသုံးပြုနိုင်မည့်အခြေအနေများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် သဘာဝပတ်ဝန်းကျင်များကို တရားမဝင်သုံးစွဲခြင်းမပြုဘဲ စနစ်တကျသုံးစွဲရန်နှင့် စက်ရုံ၊ အလုပ်ရုံများ၊ ရေ၊ လျှပ်စစ်မီး၊ အခြေခံအဆောက်အအုံများ စနစ်တကျရရှိရန် လိုအပ်မှုအခြေအနေများ၊ ဉာဏ်ရည်တုနည်းပညာ (AI)အပါအဝင် ခေတ်မီနည်းပညာများကိုအသုံးပြုရေးနှင့် ဒေသတွင်း MSME လုပ်ငန်းများကို အချိန်တိုအတွင်း မြန်ဆန်ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် Quick Win ဖြစ်မည့် လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ရမည့်အခြေအနေများကို ဆွေးနွေးမှာကြားလိုကြောင်း အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညိုစောက ဇွန် ၂၈ ရက် နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ရုံးအမှတ်(၃၀) စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ (၁/၂၀၂၆) အစည်းအဝေး၌ ပြောကြားသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အခြေခံပြီး လုပ်ကိုင်နေကြသည့် နိုင်ငံဖြစ်သောကြောင့် ပြည်တွင်းရှိ MSME လုပ်ငန်းများ မြန်ဆန်စွာအကောင်အထည်ဖော်ပြီး အလွယ်တကူရရှိနိုင်သည့် သဘာဝသယံဇာတနှင့် စိုက်ပျိုးမွေးမြူရေး အခြေခံဒေသထွက်ကုန်ကြမ်းများကို အသုံးပြုသည့် ကုန်ထုတ်လုပ်မှုကို အဓိက တွန်းအားပေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## မဟာမုနိရုပ်ရှင်တော်မြတ်ကြီး မျက်နှာတော်သစ်ရောင်ခြည်ဖွင့်ခြင်းနှင့် ဆွမ်းတော်၊ ရေတော်များဆက်ကပ်လှူဒါန်းခြင်း နေ့စဉ်ဆောင်ရွက်သွားမည်



**မန္တလေး ဇွန် ၂၉**

မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ရှေးအစဉ်အလာမပျက် နေ့စဉ်မျက်နှာတော်သစ် ရောင်ခြည်တော်ဖွင့်ခြင်းနှင့် ဆွမ်းတော်၊ ရေတော်များဆက်ကပ်လှူဒါန်းခြင်း နိဗ္ဗုပြုမြဲအလှူတော်မင်္ဂလာအား ၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလပြည့်နေ့ နံနက် ၄ နာရီခွဲမှစတင်၍ နေ့စဉ်ဆက်ကပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း မဟာမုနိဘုရားကြီး ဂေါပကအဖွဲ့ထံမှ သိရသည်။

မန္တလေး ငလျင်ကြီးဖြစ်ပွားပြီးနောက်ပိုင်း ပြုပြင်ထိန်းသိမ်းမှုများဆောင်ရွက်နေရသဖြင့် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား မျက်နှာတော်သစ်ရောင်ခြည်တော်ဖွင့်ခြင်းနှင့် ဆွမ်းတော်၊ ရေတော်များဆက်ကပ်လှူဒါန်းခြင်း နိဗ္ဗုပြုမြဲအလှူတော်အား နေ့စဉ်မဆောင်ရွက်နိုင်ဘဲ လပြည့်နေ့နှင့် လကွယ်နေ့များ၌သာ ဆောင်ရွက်ခဲ့ရာ ပထမဝါဆိုလပြည့်နေ့မှစတင်၍ အဆိုပါ နိဗ္ဗုပြုမြဲ အလှူတော်အား နေ့စဉ်နံနက် ၄ နာရီခွဲတွင် လှူဒါန်းပူဇော်သွားမည်ဟု မဟာမုနိဘုရားကြီးဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမြင့်အောင်ကပြောသည်။

"၁၇၉၁ ခုနှစ်၊ ဘိုးတော်ဘုရားလက်ထက် ပထမရွှေရေးဆောင်ဆရာတော် ဘဒ္ဒန္တသြဘာသဓမ္မသည် မဟာမုနိဘုရားကြီး၏ မျက်နှာတော်ဝတ်ကို စတင်ဆောင်ရွက်ခဲ့တာ အခုဆိုရင် (၂၃၅)နှစ်တိုင်ရောက်ရှိခဲ့ပြီဖြစ်ပါတယ်။ နေ့စဉ်မျက်နှာတော်သစ် တံပူကပ် ရောင်ခြည်တော်ဖွင့်စသော နိဗ္ဗုပြုမြဲဆက်ကပ်ခြင်းအား ကပ်လှူခဲ့ကြပြီး ကပ်လှူမှုစတင်ချိန်မှ ပြီးဆုံးချိန်အထိ အများပြည်သူ ပူဇော်ကြည်ညိုနိုင်ရန် မဟာမုနိဘုရားကြီးဂေါပကအဖွဲ့ Facebook Page မှာ ထုတ်လွှင့်ပြသခဲ့ပါတယ်။ ယခုအခါ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား နေ့စဉ်နံနက်တိုင်း မျက်နှာတော်သစ်၊ တံပူကပ်ရောင်ခြည်တော်ဖွင့်စသော နိဗ္ဗုပြုမြဲအလှူတော်နှင့် ရေတော်၊ ဆွမ်းတော်၊ ပန်းတော်ဆက်ကပ်လှူဒါန်းခြင်းကိုလည်း နေ့စဉ်နံနက် ၄ နာရီခွဲမှာ လှူဒါန်းပူဇော်သွားမှာဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုလိုသော ဘုရားဖူးများအနေဖြင့် နေ့စဉ်နံနက် ၄ နာရီတွင် စတင်ဝင်ရောက် ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဆောင်ရွက်ထားပြီး မလာရောက်နိုင်သောသူများအနေဖြင့်လည်း နေရာဒေသမရွေး ဖူးမြော်နိုင်စေရန် ရည်ရွယ်ပြီး ၂၄ နာရီ Live ထုတ်လွှင့်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၅)

၀-၀-၀-၀-၀

**သတင်းများ Online မှ တစ်ဆင့်ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား mdydailynewspaper @gmail.com မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်းသိရသည်။

(မန္တလေးနေ့စဉ်)

## (၃၄)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် မဂ္ဂဇင်းထုတ်ဝေနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မန္တလေး ဇွန် ၂၉**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာနမှ ထုတ်ဝေမည့် (၃၄)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် မဂ္ဂဇင်းထုတ်ဝေနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀နာရီက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး ရှစ်ထပ်ဆောင် ပထမထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးသက်နိုင်ထွန်း၊ ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဌာန ဌာနမှူး ဒေါ်နွယ်နွယ်ထွန်း၊ ဒုတိယဌာနမှူး ဒေါ်တင်တင်အောင်၊ ဌာနခွဲမှူးများ၊ ဌာနစုမှူးများနှင့် တာဝန်ရှိသူများ၊ အောင်မြေသာစံမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ အမရပူရမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်များမှ စာရေးဆရာအသင်းများမှ နာယက၊ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တွဲဖက်အတွင်းရေးမှူးက အဖွင့်အမှာစကားပြောကြားပြီး ဌာနမှူးက မဂ္ဂဇင်းတွင်ပါဝင်မည့် စာပေကဏ္ဍအလိုက် ဆွေးနွေးပြောကြား၍ တက်ရောက်လာကြသော စာရေးဆရာများ၊ ကဗျာဆရာများ၊ ကာတွန်းဆရာများက မဂ္ဂဇင်းနှင့်ပတ်သက်၍ အကြံပြုဆွေးနွေးပြောကြားကြရာ ဌာနမှူးနှင့်တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၃)



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

★ ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်သမ္မတက အဖွင့်အမှာစကားပြောကြားရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်ထောင်စုမှ ဆောင်ရွက်ပေးရသည့် အမျိုးသားအဆင့် စီမံကိန်းများရှိသကဲ့သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် အကောင်အထည်ဖော် ဆောင်ရွက်ရသည့် စီမံကိန်းများလည်းရှိကြောင်း၊ အဆိုပါစီမံကိန်းများကို အကျိုးရှိရှိအောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ရှိပြီးဖြစ်သည့် ထူးခြားသည့်ဝိသေသများအရ စိုက်ပျိုးမွေးမြူရေး ဖြစ်ထွန်းအောင်မြင်နိုင်သောလုပ်ငန်းများကို ဖိဖိစီးစီးရွေးချယ်လုပ်ကိုင်ကြရန်နှင့် အခြားလုပ်ငန်းများကိုလည်းမိမိတို့တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် လိုအပ်သလို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ထို့ကြောင့် မိမိတို့တွင်ရှိပြီးဖြစ်သည့် ဒေသအလိုက်အားသာချက်များကို အမိကအသုံးချ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကို ဆောင်ရွက်သွားကြစေလိုကြောင်း။

**မိမိတို့တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ရှိပြီးဖြစ်သည့် ထူးခြားသည့်ဝိသေသများအရ စိုက်ပျိုးမွေးမြူရေး ဖြစ်ထွန်းအောင်မြင်နိုင်သောလုပ်ငန်းများကို ဖိဖိစီးစီးရွေးချယ်လုပ်ကိုင်ကြရန်နှင့် အခြားလုပ်ငန်းများကိုလည်း မိမိတို့တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် လိုအပ်သလို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်လို**

နိုင်ငံတစ်ဝန်း လမ်းပန်းဆက်သွယ်မှုများ ကောင်းမွန်စေရေး မူဝါဒချမှတ်၍ ဆောင်ရွက်လျက်ရှိကြောင်း၊ လမ်းများ ရေရှည်တည်တံ့ ကောင်းမွန်နေစေရေးနှင့် သတ်မှတ်ထားသည့် လမ်းအင်္ဂါရပ်များနှင့် အညီဖြစ်စေရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ လမ်းများရေရှည်ခိုင်ခံ့ကောင်းမွန်စေရေးအတွက် လမ်းဘေးဝဲယာ ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ သွားလာရခက်ခဲသည့် နယ်စပ်ဒေသများ၏ လမ်းပန်းဆက်သွယ်မှုများ ကောင်းမွန်စေရေးကို အမိကထား ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများအတွက် လိုအပ်သည့်ဘဏ္ဍာငွေများကို နိုင်ငံတော်မှ ခွင့်ပြုပေးလျက်ရှိကြောင်း။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လူသားအရင်းအမြစ်များ များစွာလိုအပ်ကြောင်း၊ ဒေသတွင်းနေထိုင်သူများအနေဖြင့် မိမိတို့ဒေသအတွင်း နေထိုင်လုပ်ကိုင်လိုကြပြီး အလုပ်အကိုင် အခွင့်အလမ်းများ ပေါများပါက ဒေသတွင်း၌သာ နေထိုင်လုပ်ကိုင်ကြမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသအလိုက်အလုပ်အကိုင်အခွင့်အလမ်းများကို ဖော်ဆောင်ပေးနိုင်ရေး ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် အခြေခံပညာကျောင်းများတွင် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးဘာသာရပ်များကို သင်ကြားပေးလျက်ရှိပြီး နောင်တစ်ချိန်တွင် ဒေသအတွက် လူသားအရင်းအမြစ်များ ဖြစ်ထွန်းလာမည်ဖြစ်ကြောင်း၊ အလားတူ စက်မှု၊ စိုက်ပျိုးရေးနှင့်မွေးမြူရေး အခြေခံပညာကျောင်းများ၌ ကျောင်းသားကျောင်းသူများတက်ရောက်သင်ကြားကြစေရေး စည်းရုံးဆောင်ရွက်သွားကြရန်လိုကြောင်း။

ယနေ့ခေတ်သည် နည်းပညာခေတ်ဖြစ်သဖြင့် စက်မှုနည်းပညာဘက်သို့ စိတ်ပါဝင်စားမှုများကြကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးပညာရပ်သည်လည်း နိုင်ငံအတွက် မဖြစ်မနေလိုအပ်သည့် ပညာရပ်များပင်ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေး ပညာရပ်များကို သင်ကြားခြင်းဖြင့်လည်း ဘဝရပ်တည်ရေးအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ကို သိရှိစေရေး စံနမူနာပြလုပ်ကိုင်ပြသကြရန်လိုကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးကဏ္ဍ မြှင့်တင်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိပြီး KG+9 အထိ မသင်မနေရပညာရေးစနစ်ဖြင့်အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုအခါ ကျောင်းများ ပြန်လည်ဖွင့်လှစ် သင်ကြားလျက်ရှိပြီး တန်းစဉ်ကူးပြောင်းမှုများ ကောင်းမွန်တိုးတက်စေရေး တတ်နိုင်သမျှ ဝိုင်းဝန်းဆောင်ရွက်သွားကြရန် လိုကြောင်း၊ နိုင်ငံတော်အစိုးရမှ ဖွင့်လှစ်ထားသည့် အခြေခံပညာကျောင်းများမှ ထူးချွန်သည့် ကျောင်းသား ကျောင်းသူများ ပိုမိုတိုးတက်ပေါ်ထွန်းလာစေရေး ဆောင်ရွက်ပေးရန် လိုကြောင်း၊ အစိုးရပညာရေးစနစ်ကို မြှင့်တင်နိုင်ရေး ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနသာမက တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များကလည်း ဝိုင်းဝန်းဆောင်ရွက်သွားကြရန် လိုကြောင်း။

ကျောင်းသားကျောင်းသူများ တစ်ကိုယ်ရေကျန်းမာရေးအတွက် ကျောင်းကျန်းမာရေးကိုလည်း စဉ်ဆက်မပြတ်စစ်ဆေး ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ မူလတန်းအရွယ်မှစတင်၍ ကောင်းမွန်သည့် အလေ့အကျင့်များရရှိအောင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ ကျောင်းတက်ရောက်၍ ပညာသင်ကြားခြင်းအားဖြင့် သင်ခန်းစာများတွင်ပါရှိသည့် နီတိများကိုသင်ကြားပြီး ကျန်းမာရေးအသိပညာရှိမည်၊ အာဟာရပြည့်ဝစွာ စားသုံးနိုင်မည်ဆိုပါက စွမ်းရည်စွမ်းအားရှိသည့် နိုင်ငံတော်အတွက် လိုအပ်သော အနာဂတ်လူငယ်များကို မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း။

အကြောင်းအမျိုးမျိုးကြောင့် ဖွင့်လှစ်နိုင်ခြင်းမရှိသည့် စာသင်ကျောင်းများမှ ပြန်လည်ဖွင့်လှစ်နိုင်သည့် အခြေခံပညာကျောင်းများကို ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ပေးသွားရန် လိုကြောင်း၊ ကောင်းစွာ ပညာသင်ကြားရေးကို ခြိမ်းခြောက်မှုများကြောင့် ပိတ်ထားရသည့် ကျောင်းများရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းသည် မိမိတို့ဒေသကို နိမ့်ပါးသည့်နေရာသို့ရောက်အောင် တွန်းပို့ဖျက်ဆီးနေခြင်းပင်ဖြစ်ကြောင်း၊ ပညာရေးကိုဖျက်ဆီးခြင်းသည် နိုင်ငံ၏အနာဂတ်ကို ဖျက်ဆီးခြင်းပင်ဖြစ်ကြောင်း၊ ထိုသို့ ဒေသပျက်စီးရေး ဆောင်ရွက်နေမှုများကို နိုင်ငံချစ်စိတ်၊ ဒေသချစ်စိတ်၊ မျိုးချစ်စိတ်ရှိသူများက ဒေသတွင်းစုပေါင်းအားဖြင့် ဝိုင်းဝန်းဆန့်ကျင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသည့် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်း၍ စာသင်ကျောင်းများ လုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်ပြီး ကျောင်းများအားလုံး ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဒေသအလိုက် လုံခြုံရေးပိုင်းဆိုင်ရာများနှင့်ပတ်သက်၍ စီမံချက်များ ရေးဆွဲဆောင်ရွက်သွားရန်လိုကြောင်း။

ဝန်ကြီးချုပ်များနှင့် အစိုးရအဖွဲ့ဝန်ကြီးများအနေဖြင့် မိမိတို့ဒေသအလိုက် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း မြေပြင်ကွင်းဆင်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ဒေသတွင်ဖြစ်ပေါ်လျက်ရှိသည့် ပကတိအခြေအနေမှန်များနှင့် လိုအပ်ချက်များကို သိရှိဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စည်ပင်သာယာရေး ဝန်ကြီးများအနေဖြင့် မြို့ရွာများ သန့်ရှင်းသာယာလှပစေရေး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အများပြည်သူများအပန်းဖြေနိုင်သည့် ပန်းခြံများ၊ ပန်းဥယျာဉ်များနှင့် အပန်းဖြေနေရာများကို Town Plan များရေးဆွဲ၍ စနစ်တကျဖော်ဆောင်ပေးသွားရန်လိုကြောင်း၊ မြို့ပြတည်ဆောက်ရေး လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ခေတ်နှင့်လျော်ညီစွာဖြင့်အရှည်မြော်တွေးလျာထား ဆောင်ရွက်ကြရန်လိုကြောင်း၊ စာသင်ကျောင်းများ သန့်ရှင်းသာယာလှပရေးနှင့် စံမီသည့် အခြေခံပညာကျောင်းများ ဖြစ်စေရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ အလားတူ ရုံး/ဌာနများ သန့်ရှင်းသာယာလှပရေးနှင့် ရုံးလုပ်ငန်းစနစ်များ စနစ်တကျဖြစ်စေရေးဆောင်ရွက်သွားရန်လိုကြောင်း။

ပြည်သူများ၏ ရုပ်ပိုင်း/စိတ်ပိုင်းဆိုင်ရာများ မြင့်မားရေးနှင့်ပတ်သက်၍ ဒေသအလိုက် အားကစားပွဲများ ကျင်းပပြုလုပ်သွားရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် ရှိပြီးဖြစ်သည့် အားကစားကွင်းများ စနစ်တကျဖြစ်စေရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ လူငယ်များ၏ အားကစားကဏ္ဍ မြှင့်တင်ရေးကို ဆောင်ရွက်ပေးနိုင်ရန် အခြေခံပညာအဆင့်၊ အဆင့်မြင့်ပညာအဆင့် အားကစားပြိုင်ပွဲများ၊ မြို့နယ်အလိုက်၊ ခရိုင်အလိုက်၊ အသက်အရွယ်အလိုက် ဖိတ်ခေါ်အားကစားပြိုင်ပွဲများ ကျင်းပဆောင်ရွက်သွားရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း အမှန်တကယ်အကျိုးရှိအောင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ အားကစားပြိုင်ပွဲများကို ဆောင်ရွက်နိုင်ခြင်းဖြင့် လူငယ်များ၏ စိတ်ဓာတ်နှင့် ခံယူချက်များတိုးတက်ကောင်းမွန်လာမည်ဖြစ်ပြီး မိမိတို့နိုင်ငံ၏ အားကစားကဏ္ဍကို မြှင့်တင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

ဒေသဖွံ့ဖြိုးတိုးတက်ရေး အတွက် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် Agro-Based Industries ကို ဆောင်ရွက်သွားနိုင်ရန်လိုကြောင်း၊ မိမိတို့တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မိမိတို့ဒေသ၏အားသာချက်များကိုအသုံးချဆောင်ရွက်သွားရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်အသေးစား၊အငယ်စားနှင့်အလတ်စား စီးပွားရေး (MSME) လုပ်ငန်းသည် အမိကကျသဖြင့် MSME လုပ်ငန်းများကိုမြှင့်တင်၍ ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုဖြစ်သဖြင့် နိုင်ငံအတွင်းမှထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များကို အခြေခံသော ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏ စီးပွားရေးကဏ္ဍကို များစွာမြှင့်တင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များက တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းထုတ်ပြန်ခဲ့မှုနှင့် အောင်ချက်ရာခိုင်နှုန်း မြင့်မားလာမှုအခြေအနေများ၊ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် ကျောင်းသား ကျောင်းသူများ ကျောင်းအပ်နှံမှုရာခိုင်နှုန်း မြင့်မားလာမှု၊ အခြေခံကျောင်းများ၌ ဆရာ ဆရာမ လိုအပ်ချက်များအား ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ အစိုးရနှင့် ပုဂ္ဂလိကကျောင်းများ၌ အဆောက်အအုံများ သတ်မှတ်စံနှုန်းနှင့် အညီဆောင်ရွက်ရေး၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် စိုက်ပျိုးမြေများ မှန်ကန်ရေးနှင့် စိုက်ပျိုးသီးနှံများ အထွက်နှုန်းကောင်းမွန်စေရေး စိစစ်ဆောင်ရွက်ခဲ့သည့်အခြေအနေများ၊ ဒေသတွင်းမျိုးရင်းမှ မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်နေမှု၊ လယ်ယာမြေအသုံးပြုမှုများနှင့်စပ်လျဉ်း၍ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ရန် ကြပ်မတ်ဆောင်ရွက်နေမှု၊ ငလျင်ဒဏ်သင့်ပြည်နယ်နှင့် တိုင်းဒေသကြီးများအပါအဝင် နိုင်ငံတစ်ဝန်း ဘဏ္ဍာနှစ်အလိုက် ဦးစားပေးအဆင့်လမ်း၊တံတား၊ အဆောက်အအုံများ ဆောက်လုပ်နေမှုနှင့် ပြုပြင်ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ပညာရေးနှင့်ကျန်းမာရေးကဏ္ဍ အပါအဝင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက နိဂုံးချုပ် အမှာစကားပြောကြားရာတွင် မူလတန်းပြ ဆရာ ဆရာမများ လိုအပ်ချက်ရှိပြီး ကျောင်းသား ကျောင်းသူများကို စနစ်တကျသင်ကြားပေးနိုင်သည့် ဆရာ ဆရာမများဖြစ်ရန်လိုအပ်သဖြင့် ခန့်အပ်မည့် ဆရာ ဆရာမများကို သင်ကြားရေး ပညာရပ်များ အမြဲမပြတ်ဖြည့်ဆည်း သင်ကြားပေးသွားရန် လိုကြောင်း၊ ကျောင်းသား ကျောင်းသူများကို အတန်း ပညာရပ်များသာမက အတတ်ပညာများကိုပါ သင်ကြားပေးနိုင်ရန်လိုကြောင်း၊ သင်ယူလိုစိတ်၊ သင်ကြားလိုစိတ်များ ရှိအောင်လည်း ဆောင်ရွက်ပေးရန်လိုကြောင်း၊ ပညာရပ်များအလိုက် ထူးချွန်သူများကိုလည်းပညာသင်ဆုများပေးအပ်နိုင်ရေး ဆောင်ရွက်ပေးနိုင်ရန်လိုကြောင်း။

ကျန်းမာရေးကဏ္ဍ မြှင့်တင်ရေးနှင့် ပတ်သက်၍ နိုင်ငံတော်မှ ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သန့်ရှင်းသပ်ရပ်သည့် ဆေးရုံများဖြစ်စေရေးနှင့် ဆရာဝန်များရှိစေရေး ဆောင်ရွက်ပေးရန် လိုကြောင်း၊ သက်ဆိုင်ရာကျေးရွာ၊ တိုက်နယ်၊ မြို့နယ်၊ ခရိုင် စသည့် အဆင့်နှင့်လျော်ညီသည့် ဆေးရုံများဖြစ်အောင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ ဆေးရုံတွင် ဆရာဝန်များနှင့် သူနာပြုများ စဉ်ဆက်မပြတ်ရှိစေရေး ဝန်ထမ်းများတိုးမြှင့်ခန့်ထားနိုင်ရန် နိုင်ငံတော်မှဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ကျန်းမာရေးကဏ္ဍ မြှင့်တင်နိုင်ရေးအတွက် နိုင်ငံတော်ရန်ပုံငွေများကို တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

စီးပွားရေးနှင့်ပတ်သက်၍ ပြည်တွင်းကုန်ထုတ်လုပ်မှုများ တိုးတက်လာမည်ဆိုပါက ပြည်ပသွင်းကုန်များ လျှော့ချနိုင်ပြီး ပြည်ပပို့ကုန်များ ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ခြင်းဖြင့် ကုန်ဈေးနှုန်းကြီးမြင့်မှုကို အထိုက်အလျောက် လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ သွင်းအားစုများ ဈေးနှုန်းကြီးမြင့်မှုများကြောင့်လည်း ထုတ်လုပ်မှုကုန်ကျစရိတ်များကြီးမြင့်လာပြီး ကုန်ဈေးနှုန်းများ ကြီးမြင့်လာခြင်းဖြစ်ကြောင်း၊ ကုန်ဈေးနှုန်းကျဆင်းရေးအတွက် အားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။

စိုက်ပျိုးရေးထုတ်ကုန်များ တိုးတက်လာစေရေးနှင့်ပတ်သက်၍ သီးနှံစိုက်စွမ်းအားများတိုးတက်အောင် သီးထပ်စွမ်းအားများ တိုးတက်လာစေရေး ဆောင်ရွက်ကြရန်လိုကြောင်း၊ အလားတူ မွေးမြူရေးနှင့်ပတ်သက်၍လည်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးပညာရပ်များနှင့်ပတ်သက်၍ လိုအပ်ပါက ပညာသင်ဆုများပေး၍ မွေးထုတ်လေ့ကျင့်ပေးသွားရန် လိုကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများတွင် စုပေါင်းဆောင်ရွက်သည့်စနစ်ဖြင့် ဆောင်ရွက်သွားမည်ဆိုပါက လုပ်ငန်းများပိုမိုလျင်မြန်အောင်မြင်စွာဖြင့် ပြီးစီးနိုင်မည်ဖြစ်ကြောင်း၊ ဥပမာအားဖြင့် စပါးရိတ်သိမ်းရေးအဖွဲ့များနှင့် ထွန်ယက်ရေးအဖွဲ့များကို မြို့နယ်များအလိုက် စုပေါင်းစနစ်ဖြင့် စုဖွဲ့ထားမည်ဆိုပါက လိုအပ်သလိုအချိန်နှင့်တစ်ပြေးညီ လုပ်ငန်းများဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းအားဖြင့် ရာသီဥတုကြောင့် ဖြစ်ပေါ်လာနိုင်သည့် သီးနှံပျက်စီးဆုံးရှုံးမှုများ နည်းပါးစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသအလိုက် စုပေါင်းလုပ်ဆောင်တတ်သည့်အကျင့်ကို အကောင်အထည်ဖော်ဆောင်ရွက်ကြစေလိုကြောင်း၊ မိမိတို့ဒေသကောင်းကျိုးအတွက် ဆောင်ရွက်ရာတွင် မိမိတို့သိရှိနားလည်ထားကြသည့် နည်းလမ်းပေါင်းစုံဖြင့် စေတနာထားကြိုးပမ်း ဆောင်ရွက်သွားကြရန် လိုကြောင်း။

လမ်းများ ပုံစံတကျဖြစ်စေရေးအတွက် လမ်းမကြီးများဥပဒေတွင် လမ်းအမျိုးအစားများအလိုက် သတ်မှတ်ချက်များကို ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း၊ လမ်းနယ်များကိုလည်း စနစ်တကျထိန်းသိမ်းကြရန်လိုကြောင်း၊ လမ်းဘေးဝဲယာများအနီးရွာမြေနှင့် မြို့မြေမဟုတ်သည့်နေရာများတွင် လူနေအိမ်များဆောက်လုပ်နေထိုင်ကြသည်ကို တွေ့ရှိရကြောင်း၊ ထိုသို့ နေထိုင်ကြခြင်းဖြင့် အုပ်ချုပ်ရေးဆိုင်ရာအခက်အခဲများ ရှိလာမည်ဖြစ်သဖြင့် စနစ်တကျဖြစ်စေရေး အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကြပ်မတ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အများနှင့်သက်ဆိုင်သည့်လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အရှည်ကိုမြော်တွေး၍ စနစ်တကျဆောင်ရွက်သွားရန်လိုကြောင်းမှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့သို့ လာရောက်လေ့လာသည့် Naypyitaw State Academy မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံ



နေပြည်တော် ဇွန် ၂၉

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့သို့ လာရောက်လေ့လာသည့် Naypyitaw State Academyမှ ပါမောက္ခချုပ် ဒေါက်တာနုနုလွင် ဦးဆောင်သည့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၄၀၀ ကျော်အား ယနေ့ ညနေပိုင်း ပြည်သူ့လွှတ်တော်အစည်းအဝေးပြီးချိန်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ သဘင်ဆောင်၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ကျောင်းသား ကျောင်းသူများအား အနာဂတ်လူငယ် အုတ်တစ်ချပ် သဲတစ်ပွင့် Video Click ကို ဦးစွာပြသသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်အမှာစကားပြောကြားရာတွင် ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ လာရောက်လေ့လာကြသည့် Naypyitaw State Academy ဘာသာရပ်အသီးသီးမှ ကျောင်းသား ကျောင်းသူများအား ဝမ်းပန်းတသာ လှိုက်လှိုက်လှဲလှဲကြိုဆိုပါကြောင်း၊ ယနေ့အစည်းအဝေးတွင် လေ့လာသင့် လေ့လာထိုက်သည်များကို လေ့လာခွင့်ရသည့်အတွက် အထိုက်အလျောက်အကျိုးရှိလိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ လွှတ်တော်ဆိုသည်မှာ နိုင်ငံတစ်နိုင်ငံတွင် ဒီမိုကရေစီစနစ်ဖော်ဆောင်ရာတွင် မဲပေးရွေးချယ်ရသည့် ရွေးကောက်ပွဲစနစ်ဖြင့် ဖြတ်သန်းရသော မဲဆန္ဒနယ်မြေရှိ ပြည်သူများမှ မိမိတို့၏အသဲကြားက မဲတစ်ပြားကို မိမိတို့နှစ်သက်သည့် ပုဂ္ဂိုလ်၊ မိမိဒေသအကျိုးကို သယ်ပိုးဆောင်ရွက်ပေးနိုင်သည့် ပုဂ္ဂိုလ်များကို မဲပေးရွေးချယ်၍ စုစည်းထားသည့်နေရာကို လွှတ်တော်ဟုခေါ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ဟူ၍ လွှတ်တော်နှစ်ရပ်ရှိပြီး ပြည်သူ့လွှတ်တော်ဆိုသည်မှာ မြို့နယ်ကို အခြေခံ၍လည်းကောင်း၊ လူဦးရေကိုအခြေခံ၍လည်းကောင်း ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ထားသော ကိုယ်စားလှယ်များ ပါဝင်ပါကြောင်း၊ အမျိုးသားလွှတ်တော်ဆိုသည်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ် ၁၂ ဦးကျစီ တူညီစွာဖြင့် ရွေးကောက်တင်မြှောက်ထားသူများ ပါရှိပါကြောင်း၊ အရေးကြီးသည့်ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ပေါင်း၍ ပြည်ထောင်စုလွှတ်တော်တွင် ဆုံးဖြတ်ရပါကြောင်း၊ အလားတူ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များ ရှိပါကြောင်း။

လွှတ်တော်၏ အဓိကတာဝန်များအနေဖြင့် အစိုးရတစ်ရပ် ဖြစ်တည်ရေးအတွက် နိုင်ငံအကြီးအကဲများနှင့် လွှတ်တော်အကြီးအမှူးများကို ရွေးချယ်တင်မြှောက်ပေးရပါကြောင်း၊ ဥပဒေပြုရေးသည် လွှတ်တော်၏ အဓိကတာဝန်ဖြစ်ပြီး နိုင်ငံတော်တွင် မြန်မာဘာသာဖြင့် ပြဋ္ဌာန်းထားသည့် ဥပဒေ ၁၄၉ ခု ရှိပြီး အင်္ဂလိပ်ဘာသာဖြင့်ပြဋ္ဌာန်းထားသည့် ဥပဒေပေါင်း ၁၀၀ ကျော်ရှိကာ ပြည်သူ့လွှတ်တော်က အစဉ်အမြဲလေ့လာသုံးသပ်၍ ခေတ်နှင့်လျော်ညီသည့် ဥပဒေများကို ပြဋ္ဌာန်းခြင်း၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း ခေတ်စနစ်နှင့်မကိုက်ညီသည့် ဥပဒေများကို အသစ်ပြန်လည်ပြဋ္ဌာန်းခြင်းတို့ကို ဆောင်ရွက်ရပါကြောင်း၊ ထို့ပြင် ဥပဒေပြုရေးမဏ္ဍိုင်သည် အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်တို့နှင့် ပေါင်းစပ်ညှိနှိုင်းခြင်း၊ အကြံပြုခြင်း၊ တိုက်တွန်းခြင်းနှင့် အဆိုပြုခြင်းတို့ကိုလည်း ဆောင်ရွက်ရပါကြောင်း၊ ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်ကဖော်ဆောင်ရွက်ဆိုသည့် ဆောင်ပုဒ်နှင့်အညီ မဲပေးရွေးချယ်လိုက်သည့် ကိုယ်စားလှယ်များမှ တစ်ဆင့် အစိုးရနှင့်ပြည်သူအကြား ခါးဆက်သဖွယ် ပေါင်းကူးဆောင်ရွက်ရပါကြောင်း၊ တစ်နည်းအားဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်အတွက် ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်တို့သည် ဟန်ချက်ညီညီဖြင့် လက်တွဲပူးပေါင်း၍ ဆောင်ရွက်ရသည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် Naypyitaw State Academy မှ ပါမောက္ခချုပ် ဒေါက်တာနုနုလွင်က ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့အား အမှတ်တရလက်ဆောင်များပေးအပ်ပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမှတ်တရလက်ဆောင် ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက ပြည်သူ့လွှတ်တော်၏ အခန်းကဏ္ဍနှင့် လွှတ်တော်မဲခွဲစနစ်၊ ဥပဒေပြုရေးအဆင့်ဆင့်နှင့် ပညာရေးကဏ္ဍများနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြန်လည်ဖြေကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌတို့က တက်ရောက်လာကြသည့် Naypyitaw State Academy မှ ပါမောက္ခချုပ်၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား တစ်ဦးချင်း ရင်းရင်းနှီးနှီးတွေ့ဆုံ နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ထူးချွန်ထက်မြက်သည့် အခမ်းအနားမှူးကောင်းများ ပေါ်ထွက်လာစေရန်ရည်ရွယ်၍ အခမ်းအနားမှူးသင်တန်းဖွင့်ပွဲ ကျင်းပ

နေပြည်တော် ဇွန် ၂၉

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူး၍ ဖွင့်လှစ်သည့် အခမ်းအနားမှူး (Master of Ceremony - MC) သင်တန်းအမှတ်စဉ် (၁/၂၀၂၆) ဖွင့်ပွဲကို ယမန်နေ့နံနက်ပိုင်းက ဒက္ခိဏခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှိ (Community Centre) ခန်းမ၌ကျင်းပရာ အခမ်းအနားသို့ နေပြည်တော်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဌာန ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်နှင့် တာဝန်ရှိသူများ၊ နေပြည်တော်အဆင့် ဌာနဆိုင်ရာများ၊ ပျဉ်းမနားခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးနေဦး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊သင်တန်းနည်းပြများနှင့် သင်တန်းသား၊သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် နေပြည်တော် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးက သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များကို လည်းကောင်း၊ သင်တန်းနည်းပြဆရာမ ဒေါ်သန်းသန်းဝင်း(MRTV-ငြိမ်း)က သင်တန်းမိတ်ဆက်စကားကို လည်းကောင်း၊ ဒက္ခိဏခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ချိုက သင်တန်းစည်းကမ်းချက်များကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။



အဆိုပါ အခမ်းအနားမှူးသင်တန်းတွင် သင်တန်းနည်းပြက အခမ်းအနားမှူးတစ်ဦးတွင် ရှိရမည့် အရည်အချင်းများ၊ စကားပြောဆိုခြင်းအတတ်ပညာ၊ လေယူလေသိမ်းနှင့် အသံအဖြတ်အတောက် အသုံးပြုပုံနည်းစနစ်များ၊ မိုက်ခရိုဖုန်းအသုံးပြုနည်း၊ ကိုယ်ဟန်အမူအရာ ထိန်းသိမ်းခြင်းနှင့် ဆောင်ရန်၊ ရှောင်ရန်များကို ဇွန် ၂၇ ရက်မှ ဇူလိုင် ၁ ရက်အထိ စာတွေ့၊ လက်တွေ့စနစ်တကျသင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းသို့ ဌာနဆိုင်ရာ အသီးသီးမှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၇၀ ဦး တက်ရောက်ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

**သျှင်ဦးမောင်(ဒက္ခိဏ)**

## မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ညောင်ဦး ဇွန် ၂၉

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူရွာကျေးရွာအုပ်စု၊ တောင်ခွင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ဇွန် ၂၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ ညောင်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဝင်းခိုင်ဦးက အမှာစကားပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက တောင်ခွင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၈၄ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၆ ဦး၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၀ဦးအား မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၉ ဒသမ ၉ သန်းကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

(၄၄၅)

## သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး အသိပညာပေးဟောပြော၊ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဇွန် ၂၉

နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရောဂါပိုးမွှားများ နှိမ်နင်းရေးဌာနခွဲနှင့် ဇမ္ဗူသီရိမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဇမ္ဗူသီရိမြို့နယ်၊ သုခသိဒ္ဓိရပ်ကွက်၊ သုခတော်ဝင်အိမ်ရာတွင် ဇွန် ၂၇ ရက် နံနက် ၉ နာရီက သွေးလွန်တုပ်ကွေးရောဂါ အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

အခမ်းအနားတွင် ဇမ္ဗူသီရိမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာလင်းပြည်သိမ်းက သွေးလွန်တုပ်ကွေးရောဂါအကြောင်းကို လည်းကောင်း၊ ငှက်ဖျားရောဂါတိုက်ဖျက်ရေးဌာနခွဲမှ ကျန်းမာရေးမှူးက ခြင်ကြောင့်ဖြစ်ပွားသော သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် ပိုးလောက်လမ်းနှိမ်နင်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို ဟောပြောပြီး တက်ရောက်လာသူများအား ကလေးငယ်များ သွေးလွန်တုပ်ကွေးကာကွယ်ရေးအတွက် ဆေးရည်စိမ်ခြင်ထောင်များ ပေးအပ်ခဲ့သည်။

ဆက်လက်၍ ဇမ္ဗူသီရိမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက သုခတော်ဝင်အိမ်ရာ တိုက်ခန်းများအတွင်းရှိ ရေကန်များတွင် ဖုံး၊သွန်၊လဲ၊စစ်လုပ်ငန်းများ စုပေါင်းဆောင်ရွက်ခဲ့ကြပြီး သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအသိပညာပေး ပိုစတာများ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

(ဝ၄၅)

ဝ-ဝ-ဝ-ဝ-ဝ

# ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး အမျိုးသားလွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် ကော်မတီဝင်များအား တွေ့ဆုံ



နေပြည်တော် ဇွန် ၂၉

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးသည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိအမျိုးသားလွှတ်တော် အဆောက်အအုံ အစည်းအဝေးခန်းမ၌ အမျိုးသားလွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် ကော်မတီဝင်များအား တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ကော်မတီလုပ်ငန်းများဆောင်ရွက်ရာတွင် မိမိတို့ထမ်းဆောင်ရသည့် တာဝန်များကို ရိုးရှင်းသည့် ဝတ္တရားတစ်ခုအဖြစ် သဘောမထားဘဲ ပြည်သူလူထု၏ အကျိုးစီးပွားကို ရှေးရှုပြီး စစ်မှန်သည့်စေတနာ၊ မဆုတ်မနစ်သည့် ဝီရိယတို့နှင့် အားသွန်ခွန်စိုက် လုပ်ဆောင်ကြစေလိုကြောင်း၊ ကော်မတီအချင်းချင်း အပြန်အလှန်ပူးပေါင်းညှိနှိုင်းပြီး ရေးရာကော်မတီများ၏ အရေးပါသည့် အခန်းကဏ္ဍကို လက်တွေ့လုပ်ဆောင်ချက် များနှင့် သက်သေပြကာပြည်သူ့ဆန္ဒကိုဖော်ထုတ်ဆောင်ရွက်ပေးသည့် လွှတ်တော်၏ ကော်မတီတစ်ခုအနေဖြင့် သမိုင်းမှတ်တမ်းတင်နိုင်ကြပါစေကြောင်း၊ မိမိတို့ ကော်မတီအသီးသီး၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ကြရာတွင် တာဝန်ကျေမဟုတ်ဘဲ စေတနာထားပြီး အောင်မြင်အောင် ဆောင်ရွက်နိုင်ကြပါစေကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ရေးရာကော်မတီဥက္ကဋ္ဌများက ကော်မတီဖွဲ့စည်းထားရှိမှုအခြေအနေ၊ ကော်မတီအလိုက်လုပ်ငန်းများ စတင်ဆောင်ရွက်နေမှုနှင့် လုပ်ငန်းတာဝန်များ ခွဲဝေဖြန့်ထားမှုအခြေအနေ၊ ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်း အစီအမံများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြချက်များအပေါ် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားပြီး တက်ရောက်လာကြသည့် ရေးရာကော်မတီဥက္ကဋ္ဌများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အစည်းအဝေးသို့ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ Jeng Phang နော်တောင်၊ ရေးရာကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ ကော်မတီဝင်များနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းနှင့် ကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ ကျင်းပသည့် (၁၀) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ နာ့ဗ်စကီးဖိုရမ်သို့ တက်ရောက်



နေပြည်တော် ဇွန် ၂၉

ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းနှင့် ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အမျိုးသားစီးပွားရေးနှင့် ပြည်သူ့အုပ်ချုပ်ရေးဆိုင်ရာ ရုရှားသမ္မတ အကယ်ဒမီ (The Russian Presidential Academy of National Economy and Public Administration-RANEPA) ၏ ဖိတ်ကြားချက်အရ စိန့်ပီတာစဘတ်မြို့၌ ဇွန် ၂၆ ရက်မှ ၂၇ ရက်အထိ ကျင်းပခဲ့သည့် (၁၀) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ နာ့ဗ်စကီးဖိုရမ် (10th International Nevsky Forum) သို့ တက်ရောက်ဆွေးနွေးသည်။

အပြည်ပြည်ဆိုင်ရာ နာ့ဗ်စကီးဖိုရမ်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတရုံးလက်အောက်ခံ အမျိုးသားစီးပွားရေးနှင့်ပြည်သူ့အုပ်ချုပ်ရေးဆိုင်ရာ ရုရှားသမ္မတ အကယ်ဒမီ (The Russian Presidential Academy of National Economy and Public Administration - RANEPA) (စိန့်ပီတာစဘတ် တက္ကသိုလ်ခွဲ) က ကြီးမှူး၍ နိုင်ငံတကာ ပညာရေး၊ စီးပွားရေးနှင့် ပြည်သူ့အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များတွင်အတွေ့အကြုံများ ဖလှယ်နိုင်ရန်နှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ရာ အာရှ၊ ဥရောပ၊ အာဖရိကနှင့် လက်တင်အမေရိက ဒေသများမှ နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများ၊ ပညာရှင်များနှင့် သုတေသီများတက်ရောက်သော ဖိုရမ်ဖြစ်ပြီး အပြည်ပြည်ဆိုင်ရာ နာ့ဗ်စကီးဖိုရမ်သို့ နိုင်ငံပေါင်း ၁၆ နိုင်ငံမှ ကိုယ်စားလှယ် ၁၀၀ ခန့်နှင့် ပြည်တွင်းကိုယ်စားလှယ် ၁၀၀၀ ကျော် တက်ရောက်ခဲ့ကြသည်။

အဆိုပါဖိုရမ်တွင် စိန့်ပီတာစဘတ်မြို့ အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌ Evgemy Grigoriev က အဖွင့်အမှာစကား ပြောကြားပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုအတွက် ပြည်သူ့ဗဟိုပြု အုပ်ချုပ်ရေးစနစ် တည်ဆောက်ရေး၊ နိုင်ငံ့ဝန်ထမ်း စွမ်းရည်မြှင့်တင်ရေး၊ ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများကို ပူးပေါင်းဆောင်ရွက်မှုဖြင့် ရင်ဆိုင်ဖြေရှင်းရန် လိုအပ်ပုံနှင့် ပြည်သူ့အုပ်ချုပ်ရေးကဏ္ဍတွင် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ အမြင်များကို မျှဝေဆွေးနွေးပြောကြားသည်။

ခရီးစဉ်အတွင်း မြန်မာကိုယ်စားလှယ်အဖွဲ့သည် စမိုလ်နီပြတိုက်နှင့် ကက်သရင်းနန်းတော်သို့ သွားရောက်လေ့လာခဲ့သည်။

ဇွန် ၂၅ ရက်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်အစိုးရ ပြည်ပဆက်ဆံရေးကော်မတီဒုတိယဥက္ကဋ္ဌ Mr. Vyacheslav Kalganov နှင့် RANEPA အကယ်ဒမီမှ ညွှန်ကြားရေးမှူး Mr. Andrey Khlutkov တို့နှင့်တွေ့ဆုံ၍ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များနှင့် အမျိုးသားစီးပွားရေးနှင့် ပြည်သူ့အုပ်ချုပ်ရေးဆိုင်ရာ ရုရှားသမ္မတအကယ်ဒမီတို့အကြား နိုင်ငံ့ဝန်ထမ်းလေ့ကျင့်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရှေ့ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ညှိနှိုင်းခဲ့ကြပြီး ယနေ့ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မိုင်းယောင်းမြို့၌ လက်စွဲကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုး ပြသ

**မိုင်းယောင်း ဇွန် ၂၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့နယ်၊ ဝမ်ဘိုး ကျေးရွာ၌ လက်စွဲကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးပြသခြင်းကို ယနေ့ နံနက်ပိုင်းက ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝေမောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးသက်ဆွေနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်မိုးက မိုးစပါးပန်းတိုင်အထွက်နှုန်း ထွက်ရှိရေးအတွက် လက်စွဲကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်းဖြင့် အချိန်နှင့် လူအား၊ ငွေအား ကုန်ကျမှုသက်သာကြောင်းကို ရှင်းလင်းပြောကြားသည်။ **(အောက်ပုံ)**

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူးနှင့် ဝန်ထမ်းများက ပျိုးပင်ထည့်နည်း၊ လက်စွဲကောက်စိုက်စက် အသုံးပြုနည်းများကို ရှင်းလင်းပြောကြားပြီး လက်စွဲကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်းကို ပြသခဲ့ကြောင်း သိရသည်။

**ဝေဝေခိုင်(ပြန်/ဆက်)**



# ပွင့်ဖြူမြို့နယ်၌ ရေသွင်းနှမ်း တောင်သူသီးနှံ စုပေါင်းရောင်းချပွဲ ကျင်းပ

**ပွင့်ဖြူ ဇွန် ၂၉**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်တွင် နွေသီးနှံရေသွင်းနှမ်းစိုက်ခင်းများ နုတ်သိမ်းခြွေလှေ့ချိန်ဖြစ်၍ ဒေသခံတောင်သူများအား အချိန်ကုန် လူပင်ပန်းသက်သာစွာဖြင့် သီးနှံများရောင်းချနိုင်ရန်အတွက် တိုင်းဒေသကြီး တောင်သူဖွံ့ဖြိုးရေးအဖွဲ့(RFDA)၊ မြို့နယ်တောင်သူအကျိုးဆောင်အသင်း(FFA)နှင့် Good Brother သီးနှံရောင်းဝယ်ရေးကုမ္ပဏီ၊ မြင့်မြတ်တော်ဝင် သီးနှံရောင်းဝယ်ရေးကုမ္ပဏီတို့ ပူးပေါင်း၍ ဇွန် ၂၅ ရက်မှ စတင်၍ ပွင့်ဖြူမြို့နယ်၊ ကံသာကြီးကျေးရွာ၌ တောင်သူသီးနှံ စုပေါင်းရောင်းချပွဲ ကျင်းပလျက်ရှိရာ သီးနှံလာရောက်ရောင်းချသည့် တောင်သူများဖြင့် စည်ကားလျက်ရှိသည်။

အဆိုပါ ရေသွင်းနှမ်း တောင်သူ စုပေါင်းရောင်းချပွဲကို ဇွန် ၂၅ ရက်မှ ဇူလိုင် ၂၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး နေ့စဉ် နံနက် ၇ နာရီခွဲမှ ညနေ ၄ နာရီအထိ နှမ်းသီးနှံများကို ဝယ်ယူပေးမည်ဖြစ်ကြောင်း၊ သီးနှံများဝယ်ယူရာ၌ အရည်အသွေးကောင်းမွန်မှုအပေါ် မူတည်၍ (A,B,C) အဆင့်များ သတ်မှတ်၍ ဝယ်ယူလျက်ရှိသည်။

"ကျွန်တော်တို့ ပွင့်ဖြူမြို့နယ်မှာ နွေနှမ်းပေါ်ချိန်ဖြစ်လို့ ဒေသခံတောင်သူတွေ သီးနှံအဆင်ပြေစွာ ရောင်းချနိုင်အောင် တိုင်းဒေသကြီး တောင်သူဖွံ့ဖြိုးရေးအဖွဲ့မှ ဦးဆောင်ပြီး တောင်သူစုပေါင်းသီးနှံရောင်းချပွဲကို ပြုလုပ်ပေးတာ ဖြစ်ပါတယ်။ အဲ့ဒီလို သီးနှံစုပေါင်းရောင်းချပွဲ စီစဉ်ပေးတဲ့အတွက် ဒေသခံတောင်သူတွေလည်း အဆင်ပြေကြတယ်။ ဒေသထွက် နှမ်းသီးနှံများ ဝယ်ယူရာမှာ အရည်အသွေးကောင်းမွန်မှုအပေါ်မူတည်ပြီး (A,B,C)အဆင့်များ သတ်မှတ်ပြီး ဝယ်ယူပါတယ်။ ဈေးနှုန်းတွေကတော့ တစ်ရက်နဲ့ တစ်ရက်မတူဘူး။ ဈေးအတက်၊ အကျပေါ်မူတည်ပြီး ဝယ်ယူပေးသွားမှာဖြစ်ပါတယ်။ ဒီနေ့ ဝယ်ယူတဲ့ နှမ်းဈေးနှုန်းကတော့ နှမ်းနက် (A)အဆင့်က တစ်တင်းကို ငွေကျပ် ၁၉၅၀၀၀ ၊ (B)အဆင့်က တစ်တင်းကို ငွေကျပ် ၁၉၀၀၀၀၊ (C)အဆင့်က တစ်တင်းကို ငွေကျပ် ၁၈၅၀၀၀ ဈေးနဲ့ ဝယ်ယူလျက်ရှိပါတယ်"ဟု ပွင့်ဖြူမြို့နယ်တောင်သူအကျိုးဆောင်အသင်း (FFA)မှ အသင်းဥက္ကဋ္ဌ ဦးမြင့်အောင်က ပြောသည်။ **(အောက်ပုံ)**

သီးနှံများစိုက်ပျိုးရာတွင် သီးနှံအရည်အသွေးနှင့် အထွက်နှုန်းကောင်းမွန်စေရေးအတွက် လိုအပ်သော တောင်သူအသိပညာပေးဆွေးနွေးပွဲများ ဆောင်ရွက်ပေးခြင်း၊ မြေဆီလွှာနှင့် သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းနိုင်ရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းသုံးသွင်းအားစုပစ္စည်းများ အချိုးကျသုံးစွဲတတ်စေရေးနှင့် သဘာဝမြေဩဇာ အသုံးပြုရေးဆိုင်ရာ နည်းပညာမျှဝေပေးခြင်းများကို ပံ့ပိုးကူညီဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၄၄၅)



# တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ ကျင်းပ

**ဥပဒေကြမ်းတစ်ခု အတည်ပြုခြင်း၊ လမ်းများ အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ရေး၊ နိုင်ငံ့ဝန်ထမ်းများ သက်ပြည့်အငြိမ်းစားယူချိန်တွင် နေထိုင်ရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများရရှိရေး၊ မြစ်ကူးတံတား အမြန်တည်ဆောက်ပေးနိုင်ရေးတို့နှင့်စပ်လျဉ်း၍ မေးခွန်း ၄ ခု မေးမြန်းဖြေကြားခြင်းတို့ ဆောင်ရွက်**



နေပြည်တော် ဇွန် ၂၉

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဥပဒေကြမ်းတစ်ခု အတည်ပြုခြင်း၊ လမ်းများအဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ရေး၊ နိုင်ငံ့ဝန်ထမ်းများ သက်ပြည့်အငြိမ်းစားယူချိန်တွင် နေထိုင်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေး၊ မြစ်ကူးတံတားအမြန်တည်ဆောက်ပေးနိုင်ရေးတို့နှင့်စပ်လျဉ်း၍ မေးခွန်း ၄ ခု မေးမြန်းဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းပြီး ပြင်ဆင်ချက်များဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ထားသည့် "အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကြမ်း" နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး အမရပူရ မဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦးက အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် (၇၄) ချက်ကို ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက သဘောတူသည့်အတွက် လွှတ်တော်က အတည်ပြုပေးနိုင်ပါရန်နှင့် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့် ပြင်ဆင်ချက် (၄၁)ချက်အား အတည်ပြုပေးနိုင်ပါရန် တင်ပြရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ သဘောထားမှတ်ချက်နှင့်ပြင်ဆင်ချက်တင်သွင်းထားသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ ပြင်ဆင်ချက်(၁၄)ချက်ကို အပိုဒ်၊ အပိုဒ်ခွဲအလိုက် ပြင်ဆင်လိုသည့်အချက်များကို ဆွေးနွေးကြပြီး ဆန္ဒမဲဖြင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း တစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် လွှတ်တော်က အတည်ပြုကြောင်းနှင့်ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေအရ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ဆက်လက်၍ စဉ့်ကိုင်မဲဆန္ဒနယ်မှ ဦးထွန်းထွန်းနိုင်၏ စဉ့်ကိုင်မြို့နယ် စော်ရဲ မူလကတ္တရာလမ်းအား ၁၂ ပေမှ ၁၈ ပေ တိုးချဲ့ကတ္တရာလမ်းအဖြစ်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က စဉ့်ကိုင်-ဖလံဗိုလ်-စော်ရဲလမ်း၏ လက်ရှိလမ်းအခြေအနေမှာ ၁၂ ပေ အကျယ် ကတ္တရာလမ်း ၅ မိုင် ၇ ဖာလုံနှင့် ကျောက်ခင်းလမ်း ၃ ဖာလုံဖြစ်ပါကြောင်း၊ စဉ့်ကိုင်-ဖလံဗိုလ်-စော်ရဲလမ်း၌ ကတ္တရာခင်းရန် ကျန်ရှိသော ကျောက်ခင်းလမ်း ၃ ဖာလုံအား ကတ္တရာလမ်းအဖြစ် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ပထမဦးစားပေးအဖြစ်လည်းကောင်း၊ လမ်းအကျယ် ၁၂ ပေမှ ၁၈ ပေသို့ တိုးချဲ့ဆောင်ရွက်ခြင်းကို ဒုတိယဦးစားပေးအဖြစ်လည်းကောင်း မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ရန်ပုံငွေတွင် လျာထားနိုင်ရေး ဆောင်ရွက်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

သန်လျင်မဲဆန္ဒနယ်မှ ဦးမိုးမြင့်၏ **တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် နိုင်ငံ့ဝန်ထမ်းများ လုပ်သက်ပြည့် အငြိမ်းစားယူချိန်တွင် နေထိုင်ရန်အိုး/အိမ်နေရာများနှင့် အလုပ်အကိုင်အခွင့်အလမ်းများ စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က အငြိမ်းစားဝန်ထမ်းများအတွက် အငှားစနစ်ဖြင့် နေထိုင်နိုင်ရန် အဆောက်အအုံ ၁၂ လုံး(အိမ်ခန်း ၅၂၀ ခန်း)ပါရှိသည့် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားအိမ်ရာတစ်ခုအား နေပြည်တော်ကောင်စီနယ်မြေတွင် ၂၀၂၁ ခုနှစ်က တည်ဆောက်ခဲ့ပြီးဖြစ်ပါကြောင်း၊ လူနေထူထပ်များပြားသော ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် နေပြည်တော်တို့တွင် စီမံကိန်းများချမှတ်ပြီး ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း အိမ်ခန်းပေါင်း ၅၃၁၆ ခန်း ဆောက်လုပ်ပြီးစီးခဲ့ပြီး ဖြစ်ပါကြောင်း။

နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအပြင် တာဝန်ထမ်းဆောင်ဆဲဝန်ထမ်းများနှင့် ပြည်သူများမှ သက်သာသောနှုန်းထားဖြင့် ငှားရမ်းနေထိုင်လိုသူများ အနေဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့များသို့ အိမ်ခန်းများ လျှောက်ထားနိုင်ပြီး အချိုးကျခွဲဝေ၍ အငှားစာချုပ် ချုပ်ဆို ငှားရမ်းခွင့်ပြုပေးလျက်ရှိပါကြောင်း၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင်ရန်ကုန်မြို့ရှိ သုခဒဂုံ ပြည်သူ့အငှားအိမ်ရာ၌ အိမ်ခန်း ၄၀၀၊ မန္တလေးမြို့ရှိ မင်္ဂလာရန်ကင်း ပြည်သူ့အငှားအိမ်ရာ၌ အိမ်ခန်း ၂၂၄ ခန်း ထပ်မံဆောင်ရွက်လျက်ရှိပြီး သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် နေထိုင်ရန်အခက်အခဲရှိသော နိုင်ငံ့ဝန်ထမ်း အငြိမ်းစားများ၊ တာဝန်ထမ်းဆောင်ဆဲဝန်ထမ်းများနှင့် ပြည်သူများကို အချိုးကျထပ်မံငှားရမ်းပေးသွားမည်ဖြစ်ပါကြောင်း။

တပ်မတော်သားများအတွက် ကာကွယ်ရေးဝန်ကြီးဌာနအစီအစဉ်ဖြင့် စစ်မှုထမ်းဟောင်းအိမ်ရာများကိုလည်း တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတွင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများ၊ တာဝန်ထမ်းဆောင်ဆဲဝန်ထမ်းများနှင့် ပြည်သူများကို တန်ဖိုးနည်း/တန်ဖိုးသင့်/ တန်ဖိုးမြင့်အိမ်ခန်းများ CHID Bank တွင် စုငွေထားရှိပြီး အရစ်ကျငွေပေးသွင်းခြင်း၊ တစ်လုံးတစ်ခဲတည်း ငွေပေးသွင်းခြင်းစနစ်တို့ဖြင့် ရောင်းချပေးလျက်ရှိပါကြောင်း။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် အိမ်ခန်းပေါင်း ၃၂၀၀၀ ကျော်အား ရောင်းချပေးနိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ လုပ်သက်ပြည့်ပြီးသူများဖြစ်သဖြင့် အစိုးရဝန်ထမ်းအဖြစ် အလုပ်အကိုင် ထပ်မံပေးအပ်နိုင်ခြင်း မရှိပါကြောင်း၊ သက်ဆိုင်ရာပုဂ္ဂလိကဌာနများမှ အလုပ်ရှင်များ၏ အလုပ်ခေါ်စာနှင့်ကိုက်ညီသော အလုပ်အကိုင်အခွင့်အလမ်းများကို ရရှိစေနိုင်ရေး ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တနိုင်းမဲဆန္ဒနယ်မှ ဦးမြင့်ကို၏ **တနိုင်းမြို့နယ် ရှင်ဗွေယန်မြို့မှ စစ်ကိုင်းတိုင်းနယ်ခြားအထိ တောင်ပေါ်လမ်း၁၅မိုင်အား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ကချင်ပြည်နယ် တနိုင်းမြို့နှင့် ရှင်ဗွေယန်မြို့အကြား ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် မြို့/ရွာ အဝင်/အထွက်လမ်း ၁ မိုင် ၃ ဖာလုံကို ၁၈ ပေ အကျယ် ကွန်ကရစ်လမ်းခင်းခြင်း၊ ကျောက်ခင်းလမ်း ၄ မိုင် ဆောင်ရွက်ပေးခြင်း၊ မြေသားတာပေါင်တင်ခြင်း ၂ မိုင် ၃ ဖာလုံ ဆောင်ရွက်ပေးခြင်း၊ Box Culvert ၁၀ ခု တည်ဆောက်ခြင်းနှင့်ဘေလီတံတား ပေ ၉၀ တစ်စင်းတည်ဆောက်ခြင်းတို့ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

တနိုင်းမြို့နယ် ရှင်ဗွေယန်မြို့မှ စစ်ကိုင်းတိုင်းနယ်ခြားအထိ တောင်ပေါ်လမ်း ၁၅ မိုင်အား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ရန်အတွက် နောင်နှစ်များတွင် ဦးစားပေးဆောင်ရွက်နိုင်ရန် ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်းပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်ကာ စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးဆင်ဆုန်း၏ **ပူတာအို-မငွေဇ-ခေါင်လန်ဖူး လမ်းပေါ်ရှိ မေခမြစ်ကူးတံတားအမှတ် ၁/၄၄ ရီဒမ်းတံတားအား အပြီးသတ်တည်ဆောက်ရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ပူတာအို-မငွေဇ-ခေါင်လန်ဖူး လမ်းပေါ်ရှိ မေခမြစ်ကူးတံတားကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှစတင်၍ တည်ဆောက်ခဲ့ပြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အထိ ၅၇ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ပါကြောင်း၊ ရီဒမ်းတံတား(အသစ်)အား အပြီးသတ်တည်ဆောက်နိုင်ရန် အဓိကအခက်အခဲမှာ လုပ်ငန်းဆောင်ရွက်နိုင်သည့်ကာလ နည်းပါးခြင်းဖြစ်ပါကြောင်း။

မိုးရွာသွန်းမှုများပြားခြင်းကြောင့် တောင်ပြို၍ လမ်းများပိတ်ဆို့ခြင်းနှင့် မြစ်ရေလျှံခြင်း၊ ရေခဲတောင်များ အရည်ပျော်ခြင်းကြောင့် မေခမြစ်ရေ အတက်/အကျ ပြင်းထန်မြန်ဆန်ခြင်း၊ လုပ်ငန်းသုံးပစ္စည်းများ သယ်ယူရန် အခက်အခဲများနှင့် လုပ်သားများ ရေရှည်နေထိုင်ရန် အခက်အခဲများကြောင့် နှစ် ၁ နှစ်၏ ဇန်နဝါရီလ၊ ဖေဖော်ဝါရီလနှင့် မတ်လတို့တွင်သာ လုပ်ငန်းဆောင်ရွက်နိုင်သည့် အခြေအနေရှိပါကြောင်း။

လျာထားလုပ်ငန်းများအတွက် လိုအပ်သော တည်ဆောက်ရေးပစ္စည်းများကိုလည်း ပူတာအိုမြို့သို့ ကြိုတင်စုပုံထားရှိ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆောလျင်စွာ အပြီးသတ်တည်ဆောက်နိုင်ရေး အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် အလေးထား ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၁၆ ရက်မြောက်နေ့ကို ဇွန် ၃၀ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေး စစ်ဆေးပေးပြီး ဆေးကုသမှုများ ဆောင်ရွက်ပေး

**သရက် ဇွန် ၂၉** သရက်မြို့နယ်အတွင်းရှိ ခရိုင် မကွေးတိုင်းဒေသကြီး၊ ပြည်သူ့ကျန်းမာနှင့် ကုသရေးဦးစီး ဌာနမှကြီးမှူး၍ အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများအား သွေးတိုးရောဂါ၊ သွေးချို၊ ဆီးချိုရောဂါ၊ နှလုံးရောဂါများအား အခမဲ့စစ်ဆေးပေးခြင်း၊ ဆေးကုသပေးခြင်းကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း အခမဲ့စစ်ဆေးပေးလျက်ရှိပြီး ယမန်နေ့ နံနက် ၉ နာရီက ခရိုင်ပြည်သူ့ဆေးရုံ အောက်ထပ်၌ ဆောင်ရွက်ပေးခဲ့သည်။ (ဝဲပုံ)



အဆိုပါ ကျန်းမာရေး စစ်ဆေးရန် လာရောက်သည့် အငြိမ်းစားဝန်ထမ်းများအား ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၏ ကြီးကြပ်မှုဖြင့် လက်ထောက်ဆရာဝန်များ၊ သူနာပြုဆရာမများက သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ သွေးချို၊ ဆီးချိုရောဂါ စစ်ဆေးပေးခြင်း၊ ECG စစ်ဆေးခြင်းများ ဆောင်ရွက်ပေးပြီး လိုအပ်သည့် ဆေးဝါးများကို အခမဲ့ စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

ဝ-ဝ-ဝ-ဝ

ဝ-ဝ-ဝ-ဝ-ဝ-ဝ

## သစ်ပင်လဲကျပြီး လမ်းပိတ်နေသဖြင့် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်

**ပဲခူး ဇွန် ၂၉**

ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်၊ ဒိုက်ဦး-ဥသျှစ်ကုန်းကားလမ်း၌ ဇွန် ၂၅ ရက် မွန်းလွဲ ၃ နာရီက မိုးသည်းထန်စွာ ရွာသွန်းပြီး လုံးပတ် ၃ ပေ၊ အမြင့် ပေ ၄၀ ခန့်ရှိ ကုက္ကိုပင်သည် မြေပွ၍ အမြစ်မခိုင်ဘဲ လဲကျနေကြောင်း သတင်းရရှိသဖြင့် ဒိုက်ဦးမြို့နယ် မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးသတ်ယာဉ်တစ်စီးဖြင့် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ညနေ ၄ နာရီတွင် ပြီးစီးခဲ့ပြီး အဆိုပါဖြစ်စဉ်ကြောင့် လူထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်းနှင့် ပစ္စည်းဆုံးရှုံးမှုမရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

ဝ-ဝ-ဝ-ဝ-ဝ

# တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ ကျင်းပ

နေပြည်တော် ဇွန် ၂၉

တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး က တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၀၉ ဦးရှိသည့် အနက် ယနေ့အစည်းအဝေးသို့ ၂၀၂ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၂) နန်းဝိုးစိန်၏ **ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မိုင်းပျဉ်းမြို့နယ်၊ ဝိန်းဆန်းရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း အနောက်ဘက်ရှိ မြို့မအားကစားကွင်းတွင် မိုးလုံလေလုံ အားကစားခန်းမဆောင် တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ အားကစားရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းက ရှမ်းပြည်နယ် မိုင်းပျဉ်းမြို့နယ်တွင် မြေဧရိယာ ဧက ၃ ဒသမ ၉၆၀ ရှိ နှစ် ၃၀ မြေငှားရန်ရရှိထားသည့် မြို့မအားကစားကွင်း မြေနေရာတွင် ရှိရိုး ဘောလုံးအားကစားကွင်း အလျား ၃၄၅ ပေ၊ အနံ ၂၂၅ ပေ တစ်ကွင်းနှင့်ပွဲကြည့်ဆောင်အလျား ပေ ၃၀၊ အနံ ပေ ၃၀ တစ်ဆောင်၊ ကွင်း၏မြောက်ဘက်တွင် ရုံးနှင့် နေအိမ်တွဲလျက် အလျား ပေ ၅၀၊ အနံ ပေ ၃၀ အဆောက်အအုံ တစ်လုံး ဆောက်လုပ်ထားရှိပြီး ဖြစ်ပါကြောင်း။

ကိုယ်စားလှယ်တင်ပြထားသည့် မြို့မအားကစားကွင်းအတွင်းတွင် မိုးလုံလေလုံ အားကစားရုံ တစ်ရုံ ဆောက်လုပ်ရန်အတွက် လိုအပ်သည့် တစ်ဆက်တစ်စပ်တည်း မြေဧရိယာလုံလောက်မှု မရှိပါကြောင်းနှင့် ဌာနပိုင်မြေနေရာ ထပ်မံရရှိပါက အားကစားရုံ တည်ဆောက်ရန် အတွက် ရှမ်းပြည်နယ် အစိုးရအဖွဲ့ ဘတ်ဂျက်၏ နီးစပ်ရာ ဘဏ္ဍာရေးနှစ်တွင် တင်ပြတောင်းခံနိုင်ရေး အတွက် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။



မန္တလေး တိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁) ဦးခင်မောင်ဝင်း၏ **မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်၊ စဉ့်ကိုင်မြို့နယ်နှင့် ကျောက်ဆည်မြို့နယ်အတွင်းရှိ လယ်ယာလုပ်ငန်းများ၌ လယ်ယာစိုက်ပျိုးချိန်တွင် မြေပြင်ရန် လယ်ထွန်စက်နှင့် ရိတ်သိမ်းချိန်အတွက် ရိတ်သိမ်းခြွေစက်များကို လုံလောက်စွာ စီစဉ်ပေးရန် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က မြစ်သားမြို့နယ်တွင် ဌာနပိုင်ထွန်စက်ကြီး (၂၃)စီးသာရှိပြီး တောင်သူပိုင်ထွန်စက်ကြီး (၂၈၉)စီးနှင့် တောင်သူပိုင် လက်တွန်းထွန်စက် (၁၇၃၅)စီး ရှိပါကြောင်း၊ မိုးစပါး စိုက်ဧက(၅၅၄၈၅)၏ (၉၉ ဒသမ ၅ ရာခိုင်နှုန်း)ဖြစ်သည့်(၅၅၂၀၀) ဧကကို စက်ကိရိယာများ အသုံးပြုပြီး မြေပြုပြင်ပေးနိုင်စွမ်းရှိပါကြောင်း၊ စဉ့်ကိုင်မြို့နယ်တွင် ဌာနပိုင်ထွန်စက်ကြီး (၁၃)စီးသာရှိပြီး တောင်သူပိုင်ထွန်စက်ကြီး (၁၀၅)စီးနှင့် တောင်သူပိုင် လက်တွန်းထွန်စက် (၁၁၅၁)စီး ရှိပါကြောင်း၊ မိုးစပါးစိုက်ဧက (၂၉၃၆၂)၏ (၈၁ ရာခိုင်နှုန်း)ဖြစ်သည့်(၂၄၀၃၅)ဧကကို စက်ကိရိယာများ အသုံးပြုထွန်ယက်နိုင်ပြီး ရာနှုန်းပြည့်ဆောင်ရွက်ရန် ထွန်စက်ကြီး (၃၂)စီး၊ လက်တွန်းထွန်စက် (၂၇၆)စီး လိုအပ်မည်ဖြစ်ပါကြောင်း၊ ကျောက်ဆည်မြို့နယ်တွင် ဌာနပိုင်ထွန်စက်ကြီး(၁၀)စီးသာရှိပြီး တောင်သူပိုင်ထွန်စက်ကြီး (၂၄၉)စီးနှင့် တောင်သူပိုင် လက်တွန်း ထွန်စက်အစီး(၅၄၀) ရှိပါကြောင်း၊ မိုးစပါးစိုက်ဧက (၅၂၃၃၄)၏ (၇၁)ရာခိုင်နှုန်းဖြစ်သည့် (၃၇၂၇၅)ဧကကို စက်ကိရိယာများအသုံးပြု ထွန်ယက်နိုင်ပြီး ရာနှုန်းပြည့်ဆောင်ရွက်ရန် ထွန်စက်ကြီး (၈၃)စီး၊ လက်တွန်းထွန်စက်(၇၁၁)စီး လိုအပ်မည်ဖြစ်ပါကြောင်း။

ရိတ်သိမ်းခြွေလှေ့ရေး လုပ်ငန်းအနေဖြင့် မြစ်သားမြို့နယ်တွင် မိုးစပါးရိတ်သိမ်းခြွေလှေ့ရာတွင် ဌာနပိုင် ရိတ်သိမ်းခြွေလှေ့စက် (၁၀)စီး၊ နယ်မြေခံ တောင်သူပိုင် ရိတ်သိမ်းခြွေလှေ့စက် (၁၀၇)စီး၊ ပြင်ပမြို့နယ်များမှ လာရောက်သည့် ရိတ်သိမ်းခြွေလှေ့စက် (၇၂) စီး စုစုပေါင်း (၁၈၉)စီးဖြင့် မိုးစပါး စိုက်ဧက(၅၅၄၈၅)၏ (၈၉ ဒသမ ၂၁ ရာခိုင်နှုန်း)ဖြစ်သည့် (၄၉၅၀၀) ဧက ရိတ်သိမ်းနိုင်၍ ရာခိုင်နှုန်းပြည့် ရိတ်သိမ်းခြွေလှေ့ရန် အတွက် ရိတ်သိမ်းခြွေလှေ့စက် အစီး(၂၀) လိုအပ်မည်ဖြစ်ပါကြောင်း၊ စဉ့်ကိုင်မြို့နယ်တွင် မိုးစပါး ရိတ်သိမ်းခြွေလှေ့ရာတွင် ဌာနပိုင် ရိတ်သိမ်းခြွေလှေ့စက်(၃)စီးရှိပြီး နယ်မြေခံ တောင်သူပိုင် ရိတ်သိမ်းခြွေလှေ့စက် (၁၈)စီး၊ ပြင်ပမြို့နယ်များမှ လာရောက်သည့်ရိတ်သိမ်းခြွေလှေ့စက်(၇၄)စီး စုစုပေါင်း (၉၅)စီးနှင့် မိုးစပါးစိုက်ဧက(၂၉၃၆၂)၏ (၇၁ ဒသမ ၈၆ ရာခိုင်နှုန်း)ဖြစ်သည့် (၂၁၁၀၀)ဧက ရိတ်သိမ်းနိုင်သောကြောင့် ရာနှုန်းပြည့် ရိတ်သိမ်းခြွေလှေ့ရန် ရိတ်သိမ်းခြွေလှေ့စက် (၂၈)စီး လိုအပ်မည်ဖြစ်ပါကြောင်း၊ ကျောက်ဆည်မြို့နယ်တွင် မိုးစပါး ရိတ်သိမ်းခြွေလှေ့ရာတွင် ဌာနပိုင် ရိတ်သိမ်းခြွေလှေ့စက် (၆)စီးသာရှိပြီး နယ်မြေခံ တောင်သူပိုင် ရိတ်သိမ်းခြွေလှေ့စက် (၄၇)စီး၊ ပြင်ပမြို့နယ်များမှ လာရောက်သည့် ရိတ်သိမ်းခြွေလှေ့စက် (၁၀၁)စီး စုစုပေါင်း(၁၅၄)စီးဖြင့် မိုးစပါးစိုက်ဧက (၅၂၃၃၄)၏ (၆၈ ဒသမ ၉၈ ရာခိုင်နှုန်း)ဖြစ်သည့် (၃၆၁၀၀)ဧက ရိတ်သိမ်းနိုင်သောကြောင့် ရာနှုန်းပြည့် ရိတ်သိမ်းခြွေလှေ့ရန် ရိတ်သိမ်းခြွေလှေ့စက် (၅၄)စီး လိုအပ်မည်ဖြစ်ပါကြောင်း။

ဒေသတွင်း စိုက်ပျိုးရေးလုပ်ငန်းများတွင် လယ်ယာသုံးစက်ကိရိယာများ အပြည့်အဝအသုံးချပြီး မြေပြုပြင် ထွန်ယက်ခြင်း၊ ရိတ်သိမ်းခြွေလှေ့ခြင်း လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် တောင်သူများ လယ်ယာသုံး စက်ကိရိယာများ ပိုမိုပိုင်ဆိုင်မှု ရှိလာစေရန် စက်မှုလယ်ယာဦးစီးဌာနက ပြင်ပဈေးကွက်ဈေးများထက် ပိုမိုသက်သာသော ဈေးနှုန်းဖြင့် လက်ငင်းရောင်းချသည့် စနစ်ဖြင့် လည်းကောင်း၊ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်က အရစ်ကျစနစ်များဖြင့်လည်းကောင်း၊ ပုဂ္ဂလိက လယ်ယာသုံး စက်ကိရိယာ ရောင်းချသည့် ကုမ္ပဏီများက အာမခံ အရစ်ကျစနစ်များဖြင့် လည်းကောင်း၊ တောင်သူများသို့ ရောင်းချပေးလျက်ရှိပါကြောင်း၊ ထို့ပြင် ဒေသအစိုးရများ၏ လိုအပ်ချက်အရ မိမိဝန်ကြီးဌာနသို့ လက်ငင်းငွေချေစနစ်ဖြင့် ဝယ်ယူလိုသော စက်မှုလယ်ယာသုံးပစ္စည်းများကို နိုင်ငံ့ဘဏ္ဍာရရှိမှုပေါ် မူတည်၍ ဆက်လက်တင်သွင်းဖြန့်ဖြူး ရောင်းချပေးနိုင်ပါကြောင်း။

နယ်မြေအလိုက် စက်ပိုင်ဆိုင်သူများကို စုစည်းပြီး လယ်ယာသုံး စက်ကိရိယာ ဝန်ဆောင်မှုအသင်းများ ဖွဲ့စည်းဆောင်ရွက်နိုင်ပါက ဝန်ဆောင်ခနှုန်းထားများ ညှိနှိုင်းသတ်မှတ်ခြင်းနှင့် လယ်ယာသုံး စက်ကိရိယာ စီမံခန့်ခွဲမှုများ စနစ်တကျ ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း၊ စက်မှုလယ်ယာ ဦးစီးဌာနက လယ်ယာဝန်ဆောင်မှု ဆောင်ရွက်နေသည့် ဌာနပိုင်စက်များကို အသုံးပြုဆောင်ရွက်လိုပါက သက်ဆိုင်ရာကျေးရွာအလိုက် မြေပြုပြင်မည့်ဧက၊ ရိတ်သိမ်းခြွေလှေ့ပေးရမည့် ဧကများ တွက်ချက်၍ ဌာနမှသတ်မှတ်ထားသော ဝန်ဆောင်ခ နှုန်းထားများ အတိုင်း မိမိတို့မြို့နယ်အသီးသီးရှိ စက်မှုလယ်ယာ စခန်းများတွင် ကျသင့်ငွေပေးသွင်းပြီး ဝန်ဆောင်မှုများ ရယူဆောင်ရွက်နိုင်ပါကြောင်း၊ စက်မှုလယ်ယာစခန်းများတွင်ရှိသည့် စက်ကိရိယာ အရေအတွက်ပေါ် မူတည်ပြီး တန်းစီဇယားအရ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် အဆိုပါမြို့နယ် (၃)ခုတွင် လယ်ယာလုပ်ငန်းများ၌ လယ်ယာစိုက်ပျိုးချိန်တွင် မြေပြင်ရန် လယ်ထွန်စက်နှင့် ရိတ်သိမ်းချိန်အတွက် ရိတ်သိမ်းခြွေလှေ့စက်များကို စက်မှုလယ်ယာဦးစီးဌာနအနေဖြင့် လုံလောက်အောင် စီစဉ်ပေးရန် ဆောင်ရွက်နိုင်မှု မရှိပါကြောင်းနှင့် နယ်မြေအလိုက် စက်ပိုင်ဆိုင်သူများ ပါဝင်သည့် ပုဂ္ဂလိကလယ်ယာသုံးစက်ကိရိယာ ဝန်ဆောင်မှုအသင်းများ ဖွဲ့စည်းနိုင်ရေး ဝိုင်းဝန်းစည်းရုံးဆောင်ရွက်ပြီး ပုဂ္ဂလိကပိုင် စက်ကိရိယာများ ပါဝင်သုံးစွဲမှုသာ စက်မှုလယ်ယာ ကူးပြောင်းရေး လုပ်ငန်းများကို အပြည့်အဝဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ရန်ကုန် တိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၇) ဦးရဲရင့်စိုးညွန့်၏ **ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ ဖောင်ကြီးကျေးရွာအနီးရှိ ငမိုးရိပ်ရေလှောင်တမံမှ ညောင်နှစ်ပင် ရေသန့်စက်ရုံသို့ ရေပိုက်လိုင်း သွယ်တန်းပြီး ရေရယူမည့် အစီအစဉ်ရှိ၊ မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်နှင့် မရှိပါက မည်သည့်အတွက်ကြောင့် ဖြစ်သည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ငမိုးရိပ်ရေလှောင်တမံနှင့် ရေကူတမံများမှ လယ်မြေဧရိယာ(၃၀၅၆၇)ဧကကို နွေစပါး ရေပေးဝေလျက်ရှိပြီး ရန်ကုန်မြို့တော် သောက်သုံးရေအတွက် ရေဂါလန် သန်း(၁၃၀)ကို နေ့စဉ် ပေးဝေလျက်ရှိပါကြောင်း၊ သောက်သုံးရေ ပေးဝေရာတွင် ငမိုးရိပ်ရေလှောင်တမံ၏ ပင်မတူးမြောင်းမကြီး ပေတိုင် (၈၂၀၀၀) ရှိ ရေခွဲအဆောက်အအုံအထိ အလျား(၁၅ ဒသမ ၅) မိုင်နှင့် ရေခွဲအဆောက်အအုံမှ ညောင်နှစ်ပင် ရေသန့်စက်ရုံအထိ အလျား (၆) မိုင် စုစုပေါင်း (၂၁ ဒသမ ၅) မိုင်ကို မြေသားတူးမြောင်းဖြင့် ရေပေးဝေလျက်ရှိပါကြောင်း။

ယခုအခါ မြေသားမြောင်းရေ ရယူရာတွင် ရေအရည်အသွေး ပိုမိုကောင်းမွန်စေရေးနှင့် ရေပမာဏပိုမိုရောက်ရှိစေရေးအတွက် ယခင်ရယူခဲ့သော မြေသားမြောင်း အစား ရေပိုက်လိုင်းစနစ်ဖြင့် ရေဂါလန်သန်း(၁၈၀) သွယ်တန်း ရယူနိုင်ရန်အတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ လုပ်ငန်းဆောင်ရွက်ရန် ဖြစ်မြောက်နိုင်စွမ်း ရှိ/ မရှိ စူးစမ်းလေ့လာခဲ့ပြီး လုပ်ငန်းဆောင်ရွက်ရန် ဖြစ်မြောက်နိုင်စွမ်းရှိသဖြင့် ရန်ပုံငွေတင်ပြတောင်းခံပြီး ဆောင်ရွက်ရန် လျာထားစီမံလျက်ရှိပါကြောင်း။

ငမိုးရိပ်ရေလှောင်တမံမှ (၁)ရက်လျှင် ရေဂါလန်သန်း (၁၈၀)ရယူနိုင်မည့် ရေယူအဆောက်အအုံအသစ် တစ်ခု တည်ဆောက်ခြင်း၊ အချင်း (၇ ဒသမ ၈)ပေ၊ အလျား(၀ ဒသမ ၅၆) မိုင်ခန့်ရှိသည့် ရေယူဥမင်လိုဏ်တစ်ခု တည်ဆောက်ခြင်း၊ ရေဂါလန် သန်း(၁၈၀)ပေးပို့နိုင်သော 4 MVA စွမ်းအားရှိ ရေတွန်းစက်ရုံနှင့် ဓာတ်အားခွဲရုံ တည်ဆောက်ခြင်း၊ အချင်း(၈ ဒသမ ၈)ပေ၊အလျား (၁ ဒသမ ၂) မိုင်ခန့်ရှိသည့် ရေခေါ်ဥမင်လိုဏ်တစ်ခု တည်ဆောက်ခြင်း၊ အချင်း (၇ ဒသမ ၈)ပေ၊အလျား (၁၀)မိုင်ခန့်ရှိသည့် ရေပိုက်လိုင်းတစ်ခု တည်ဆောက်ခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ သို့ပါ၍ တိုင်းဒေသကြီး အစိုးရအဖွဲ့ အစီအစဉ်ဖြင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီမှ ဘဏ္ဍာနှစ်အလိုက် တိုင်းဒေသကြီးရန်ပုံငွေတောင်းခံပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ရန်ကုန် တိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၇) ဦးရဲရင့်စိုးညွန့်၏ **ပန်းလှိုင်မြစ်ကြောင်း ချောင်းကောမှုပြဿနာ လျှော့နည်းစေရန် ပန်းလှိုင်မြစ်ဝတွင် ရေတံခါးတည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ဖြစ်ပြီး မရှိပါက မည်သည့်အတွက်ကြောင့် ဖြစ်သည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ပန်းလှိုင်မြစ်သည် တစ်နှစ်ထက်တစ်နှစ် ပိုမိုတိမ်ကောလာခဲ့မှုကြောင့် ၂၀၁၄-၂၀၁၅ ခုနှစ်တွင် နိုင်ငံတော်သမ္မတ၏ သီးသန့်ရန်ပုံငွေဖြင့် ပန်းလှိုင်မြစ်ကြောင်း ပြန်လည်တူးဖော်ခြင်း လုပ်ငန်းအား ဆောင်ရွက်ခဲ့ပါကြောင်း၊ အဆိုပါ ပန်းလှိုင်မြစ်ကြောင်း ပြန်လည်တူးဖော်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့သော်လည်း မြစ်အောက်ပိုင်းဖြစ်သည့် လှိုင်မြစ်ဘက်ခြမ်းတွင် ရေထိန်းတံခါး တည်ဆောက်နိုင်ခြင်း မရှိသည့်အတွက် ပန်းလှိုင်မြစ်မှာ သဲနုန်းများ ပြန်လည်ဝင်ရောက်၍ ဒိုက်၊ ဗေဒါနှင့်ကျူပင်များ ပေါက်ရောက်ပိတ်ဆို့လာပြီး မြစ်ကောတစ်ခုအဖြစ် ပြန်လည်ရောက်ရှိခဲ့ပါကြောင်း။

ပန်းလှိုင် မြစ်ကြောင်းကို ပြန်လည်တူးဖော်ပြီးပါကလည်း သဲနုန်းများ ပြန်လည်ဝင်ရောက်လာသဖြင့် နှစ်အနည်းငယ်အတွင်း တိမ်ကောသွားမည်ဖြစ်ရာ ရေတံခါးတစ်ခုကို ဦးစွာတည်ဆောက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ၂၀၁၃ ခုနှစ် မေလတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် နယ်သာလန်နိုင်ငံအစိုးရတို့သည် ရေအရင်းအမြစ် ဘက်စုံစီမံခန့်ခွဲမှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးခဲ့ပြီး နှစ်ဦးနှစ်ဖက် နားလည်မှုစာချွန်လွှာကို ၂၀၁၇ ခုနှစ်၊ ဧပြီလတွင် ချုပ်ဆိုခဲ့ပြီး အဆိုပါ နားလည်မှု စာချွန်လွှာအရ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန အနေဖြင့် ပန်းလှိုင် ရေထိန်းတံခါး တည်ဆောက်ရန် နယ်သာလန်အစိုးရ၏ Develop to Build (D2B Program) အစီအစဉ်မှ ထောက်ပံ့ကူညီမှုဖြင့် ဖြစ်မြောက်နိုင်စွမ်းလေ့လာမှု (Feasibility Study)ကို ဆောင်ရွက်ထားပြီး ဖြစ်ပါကြောင်း။

စာမျက်နှာ ၈ သို့ »»

»»» စာမျက်နှာ ၇ မှ

ဖြစ်မြောက်နိုင်စွမ်းလေ့လာခဲ့မှု (Feasibility Study)အရ ပန်းလှိုင်မြစ် ရေထိန်းတံခါး ဒီဇိုင်းပုံစံကို နည်းလမ်း (၄)ခုဖြင့် တည်ဆောက်ရန် လျာထားခဲ့ပါကြောင်း၊ ပန်းလှိုင် ရေထိန်းတံခါး တည်ဆောက်ခြင်း လုပ်ငန်းအတွက် ပတ်ဝန်းကျင်ရှိ စိုက်ပျိုးမြေ၊ စက်မှုဇုန်နှင့် လူနေအိမ်များ ထိခိုက်မှုအနည်းဆုံးဖြစ်သော၊ သင့်လျော်ကောင်းမွန်ပြီး ရေရှည်တည်တံ့သော ဒီဇိုင်းပုံစံ ရေးဆွဲရန်လိုအပ်ပြီး အဆိုပါဒီဇိုင်း အပေါ် အခြေခံ၍တည်ဆောက်မည့် နေရာ ရွေးချယ်ခြင်းနှင့် လုပ်ငန်း နယ်နိမိတ် သတ်မှတ်ခြင်းတို့ ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ရွေးချယ်သည့် ဒီဇိုင်း အပေါ်မူတည်၍ လည်းကောင်း၊ Navigation Lock Gate ပါဝင်သောကြောင့် လည်းကောင်း၊ ဒီဇိုင်းပုံစံ ရေးဆွဲခြင်းနှင့် တည်ဆောက်ရေးပိုင်းဆိုင်ရာ နည်းပညာအကူအညီများ လိုအပ်မည်ဖြစ်သည့်အပြင် ပမာဏကြီးမားသည့်တည်ဆောက်ရေးစီမံကိန်း ဖြစ်သည့်အတွက် ဘဏ္ဍာရေးဆိုင်ရာ လိုအပ်ချက်များပြားမည်ဖြစ်ပါကြောင်း။

ပန်းလှိုင်မြစ်ကြောင်း ပြန်လည်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်း မဆောင်ရွက်မီ မြစ်ကြောင်း တစ်လျှောက် ပတ်ဝန်းကျင်ရှိစက်မှုဇုန်များ၊ လူနေအိမ်များ၊ ကျူးကျော်နေထိုင်မှုများနှင့် ဒေသခံများ၏ စိုက်ပျိုးမြေများ ပါဝင်သွားနိုင်သည့်အတွက် ဒေသခံပြည်သူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဒေသအာဏာပိုင် အဖွဲ့အစည်းများနှင့် အဆင့်ဆင့် ညှိနှိုင်းဆွေးနွေးပြီး တူးဖော်ရမည့် ဒီဇိုင်းပုံစံရေးဆွဲခြင်း၊ လုပ်ငန်းနယ်နိမိတ်သတ်မှတ်ခြင်းများ ဦးစွာဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပြီး ဒီရေအတက်အကျနှင့် နုန်းတင်မှုအခြေအနေများကိုလည်း တိကျစွာ တိုင်းတာတွက်ချက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ထို့ပြင် ပန်းလှိုင်မြစ်ကြောင်း ပြန်လည်တူးဖော်ခြင်း လုပ်ငန်း ဆောင်ရွက်ရာတွင် လည်း မြစ်ကြောင်းတစ်လျှောက် တူးဖော်ရာမှထွက်ရှိလာမည့် သဲနုန်းများ စွန့်ပစ်ရန်အတွက် နေရာရွေးချယ်သတ်မှတ်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ပန်းလှိုင်မြစ်ကြောင်း ပြန်လည်တူးဖော်ပြီးပါကလည်း စက်မှုဇုန်နှင့် လူနေရပ်ကွက်များမှ မြစ်အတွင်းသို့ အမှိုက်စွန့်ပစ်ခြင်းကို တားမြစ်ခြင်း၊ စက်ရုံများမှ ထွက်ရှိလာသော ရေဆိုးများကို သန့်စင်ပြီးမှ စွန့်ပစ်ရန်စီမံခြင်း၊ အမှိုက်သရိုက်များ၊ ဒိုက်၊ ဗေဒါများကို ဆယ်ယူဖယ်ရှားခြင်း၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရန် လိုအပ်မှာဖြစ်ပြီး ပြည်သူများ၊ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများမှလည်း ပူးပေါင်းဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ပန်းလှိုင်မြစ်ကြောင်း ပြန်လည်တူးဖော်ခြင်းလုပ်ငန်းနှင့် ပန်းလှိုင်ရေထိန်းတံခါး တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ရေကြီးရေလျှံဖြစ်ပွားမှုကို လျော့နည်း သက်သာစေခြင်း၊ နွေရာသီတွင် ရေချိုထိန်းသိမ်း၍ သီးထပ်စိုက်ပျိုးနိုင်ခြင်း၊ ကုန်စည်ပို့ဆောင်ရေး ပိုမိုလွယ်ကူလာနိုင်မည်ဖြစ်ခြင်း၊ ဒီရေအတက်တွင် ဒီရေနှင့်အတူပါလာသော ရေငန်များကို ပန်းလှိုင်ရေထိန်းတံခါးမှ တားဆီးပေးခြင်းဖြင့် မြေဆီလွှာပျက်စီးမှုကို ကာကွယ်နိုင်မည် ဖြစ်ခြင်းတို့ကြောင့် ဆောင်ရွက်သင့်သည့်လုပ်ငန်း ဖြစ်ပါကြောင်း၊ သို့ရာတွင် ပန်းလှိုင်မြစ်ကြောင်း ပြန်လည်တူးဖော်ခြင်း လုပ်ငန်း ဆောင်ရွက်ရန်မှာ ပန်းလှိုင် ရေထိန်းတံခါး တည်ဆောက်ပြီးမှသာ ဆက်လက်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

ပန်းလှိုင် ရေထိန်းတံခါး တည်ဆောက်ခြင်း လုပ်ငန်းမှာလည်း ပမာဏကြီးမားသည့် တည်ဆောက်ရေး စီမံကိန်းဖြစ်သည့်အတွက် ဘဏ္ဍာရေးဆိုင်ရာ လိုအပ်ချက် များပြားသည့်အပြင် နည်းပညာလိုအပ်ချက်များရှိခြင်း၊ လုပ်ငန်းများ မဆောင်ရွက်မီ၊ ဆောင်ရွက်စဉ်နှင့် ဆောင်ရွက်ပြီး ကာလတစ်လျှောက်တွင် အကောင်အထည်ဖော်ရမည့် လုပ်ငန်းစဉ်များ များပြားခြင်းတို့ကြောင့် ပန်းလှိုင်မြစ်ကြောင်း ပြန်လည်တူးဖော်ခြင်းလုပ်ငန်းနှင့် ပန်းလှိုင် ရေထိန်းတံခါး တည်ဆောက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ရန် လတ်တလောတွင် အစီအစဉ်မရှိသေးပါကြောင်းနှင့် ရေချိုရယူရေး လုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းတို့အတွက် အခက်အခဲမရှိစေရန် ဆက်လက်စီစဉ် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၈) ဦးသိန်းဇော်၏ **ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် မြစ်ကျိုးကျေးရွာအုပ်စု လေးဘူးကျေးရွာနှင့် လက်ပံတန်းမြို့နယ် ကွမ်းခြံကျေးရွာအုပ်စုကို ဆက်သွယ်ထားသော လေးဘူး-ကွမ်းခြံ ရေကာတာပေါ်ရှိလမ်းမှ လေးဘူး - ဆင်လမ်းအပိုင်း၏ ပျက်စီးနေသော နေရာများကို ဂဝံထပ်ပိုးလွှာခင်း၍ ပြုပြင်ပေးရန် အစီအစဉ်** ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ကျေးရွာအုပ်စု ၁၀ အုပ်စုရှိ ပြည်သူများ၊ ကျောင်းသား ကျောင်းသူများ၏ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေးလုပ်ငန်းများ ရာသီမရွေး အသုံးပြုနိုင်ရန်အတွက် လေးဘူး-ကွမ်းခြံ ရေကာတာပေါ်ရှိ ဆက်သွယ်ရေးလမ်းအား ပြုပြင်ဆောင်ရွက်ရန် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ရန်ပုံငွေ သို့မဟုတ် သင့်လျော်ရာ ရန်ပုံငွေမှ တောင်းခံပြီး ရန်ပုံငွေ ရရှိမှုအပေါ်မူတည်၍ အပိုင်းလိုက် ဆောင်ရွက်မည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မြန်မာ-ကာဇက်စတန် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၃) ဒေါ်ကျော့ယဉ်ဝင်း အစား စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၇) ဦးသိန်းလှိုင်ကို အဖွဲ့ဝင်နေရာ အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်းကို လွှတ်တော်သို့ တင်ပြပြီး အတည်ပြုချက်ရယူသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြန်မာ-လာအို လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းတွင် ဥက္ကဋ္ဌအဖြစ် ချင်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်(၉) ဦးအောင်မင်းနိုင်နှင့် အတွင်းရေးမှူး အဖြစ် တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးဇဝနတို့ အပါအဝင် အဖွဲ့ဝင်ခုနစ်ဦးတို့၏ အမည်စာရင်းများကို လွှတ်တော်၏ အတည်ပြုချက်ရယူရာ အတည်ပြုသဖြင့် အမျိုးသားလွှတ်တော်နှင့် လာအိုလွှတ်တော် ချစ်ကြည်ရင်းနှီးရေးအသင်း ဖွဲ့စည်းခြင်းနှင့် အသင်းများတွင် ပါဝင်သည့် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်တို့၏ အမည်စာရင်းများကို အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယ ပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ဇူလိုင် ၃ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများအား ဆက်လက်စစ်ဆေး ဆောင်ရွက်လျက်ရှိပြီး ပြည်ပနိုင်ငံသား ၁၂ ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့



**နေပြည်တော် ဇွန် ၂၉**

နိုင်ငံတော်အစိုးရ အနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်း လောင်းကစားမှု၊ အွန်လိုင်း လိမ်လည်မှုအပါအဝင် ဒုစရိုက်မှု လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက် ခဲ့ကြသည့် ပြည်ပနိုင်ငံသားများ ကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်း ပေးအပ်လျက်ရှိသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေး လျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံ ဖြတ်သန်း၍ ကရင်ပြည်နယ် မြဝတီ မြို့ဝန်းကျင်ရှိ ဆိုက်များအတွင်းသို့ တရားမဝင် လမ်းကြောင်းမှ တစ်ဆင့် ဝင်ရောက်နေခဲ့သည့် တရုတ်နိုင်ငံသား ငါးဦး၊ အီသီယိုးပီးယားနိုင်ငံသား နှစ်ဦး၊ ဘူရွန်ဒီ နိုင်ငံသား နှစ်ဦး၊ နမီးဘီးယား နိုင်ငံသား တစ်ဦး၊ လိုက်ဘီးရီးယား နိုင်ငံသား တစ်ဦးနှင့် ယူဂန္ဓာနိုင်ငံ သား တစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံ သား ၁၂ ဦးကို ထပ်မံဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။

အဆိုပါ ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည် လွှဲပြောင်းပေးနိုင်ရေး အတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့ များ၏ လိုအပ်သည့် ကိုယ်ရေး အချက်အလက်များနှင့် မှတ်တမ်း များ စာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို မြဝတီ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေး မှူး ဦးရဲလင်းမောင်နှင့် တာဝန်ရှိသူ များက လိုက်လံကြည့်ရှုစစ်ဆေး ပြီး လိုအပ်သည်များ ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် ဇွန် ၂၉ ရက်အထိ မြဝတီ မြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပ နိုင်ငံသား စုစုပေါင်း ၁၄၇၃၀ ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ၎င်း နိုင်ငံသားအားလုံးကို စစ်ဆေး ပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၅၅၃ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့် အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေး ခဲ့သည်။

လွှဲပြောင်းပေးအပ်ရန် ကျန်ရှိ သည့် ပြည်ပနိုင်ငံသား ၁၁၇၇ ဦး တွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ် ရေး (လတ်တလော)ပြဋ္ဌာန်းချက် များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁) နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာ ဥပဒေအရ အပြစ်ပေး အရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၆၆၂ ဦးရှိသည့်အတွက် ကျန်ရှိ သည့် ပြည်ပနိုင်ငံသား ၅၁၅ ဦးတို့ အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေ ပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်း စောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက် နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ် ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင် ရေး အိမ်နီးချင်းနှင့် ဒေသတွင်း နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်း များနှင့် တက်ကြွစွာ ပူးပေါင်း ဆောင်ရွက်လျက် ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခ ရောက်နေကြသော နိုင်ငံခြားသား များနှင့် လူကုန်ကူးခံရသည့် နိုင်ငံ ခြားသားများကို သက်ဆိုင်ရာနိုင်ငံ များသို့အမြန်ဆုံး ပြည်နှင်လွှဲပြောင်း ပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်း ဆောင်ရွက်လျက်ရှိကြောင်း သိရ သည်။

သတင်းစဉ်



## ယာဉ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြော လက်ကမ်းစာစောင်များ ဖြန့်ဝေ

**ကျောက်ဆည် ဇွန် ၂၉**

အမှတ်(၉၂) ယာဉ်ထိန်းရဲ တပ်ဖွဲ့စု(ကျောက်ဆည်ခရိုင်)မှ ယာဉ်မတော်တဆမှုကြောင့် သေ ဆုံးခြင်း၊ ဒဏ်ရာရခြင်းများ မဖြစ် ပွားစေရေး၊ ယာဉ်အန္တရာယ်ကင်း ရှင်းရေး အသိပညာပေးဟောပြော ခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိရာ ယမန် နေ့ နံနက်ပိုင်းက ကျောက်ဆည် မြို့ မေတ္တာကိုယ်ပိုင်အထက်တန်း ကျောင်း၌ ယာဉ်အန္တရာယ်ကင်း ရှင်းရေး အသိပညာပေးဟော ပြောခြင်းနှင့် လက်ကမ်းစာစောင် ဖြန့်ဝေခြင်းများ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ မေတ္တာကိုယ်ပိုင် အထက်တန်းကျောင်း တည် ထောင်အုပ်ချုပ်သူ ဒေါ်သင်းပုံ့ ကြူက ကျောင်းသား၊ ကျောင်းသူ များသည် နိုင်ငံတော် ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ အရေးကြီးလူငယ် များ ဖြစ်သည့်အတွက် ယာဉ် စည်းကမ်း၊ လမ်းစည်းကမ်းများ ကို တိကျစွာလိုက်နာသွားကြရန် အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ အမှတ်(၉၂) ယာဉ်ထိန်းရဲတပ်ဖွဲ့စု (ကျောက် ဆည်ခရိုင်)မှ တပ်ဖွဲ့စုမှူး ဒုရဲမှူး ထိန်လင်းအောင်က ကျောက် ဆည်ခရိုင်အတွင်း ဖြစ်ပွားခဲ့သော ယာဉ်မတော်တဆမှုကြောင့် ထိ ခိုက်ဒဏ်ရာနှင့် သေဆုံးမှုဖြစ် စဉ်များအကြောင်း၊ မော်တော် ဆိုင်ကယ်စီးနင်းသူများနှင့် လိုက်ပါ စီးနင်းသူများ၊ မော်တော်ကား မောင်းသူများနှင့် လိုက်ပါစီးနင်း သူများ၊ လမ်းဖြတ်ကူးသူများ လိုက်နာရမည့်စည်းကမ်းများနှင့် ဥပဒေပုဒ်မများအကြောင်း ဟော ပြောခဲ့ပြီး အသိပညာပေး လက် ကမ်းစာစောင်များကို ဖြန့်ဝေပေး ခဲ့သည်။

အသိပညာပေးဟောပြောပွဲသို့ မေတ္တာကိုယ်ပိုင်ကျောင်း(ကျောက် ဆည်မြို့)မှ ကျောင်းတည်ထောင် အုပ်ချုပ်သူ ကျောင်းအုပ်ဆရာမ ကြီးနှင့် ဆရာ၊ ဆရာမ ၃၀ ဦး၊ ကျောင်းသား၊ ကျောင်းသူ ၄၅၄ ဦး၊ စုစုပေါင်း ၄၈၅ ဦး တက် ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)(၄၈၅)

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးနှင့် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် အောင်ပွဲရရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို

နေပြည်တော် ဇွန် ၂၉

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် ကယားပြည်နယ်အတွင်း စစ်ဆင်ရေးနှင့် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ အောင်ပွဲအလီလီရရှိခဲ့သည့် အောင်ပွဲရရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည် မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံ တိုင်းရင်းသားပြည်သူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တိုင်းရင်းသားရိုးရာ အကအဖွဲ့များ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအားညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား တက်ရောက်လာကြသူများက အောင်သပြေခက်များ၊ ပန်းကုံးများဖြင့်လည်းကောင်း၊ အိုးစည်ဒိုးပတ်၊ အတီးအမှုတ်အကအခုန်များဖြင့်လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုခဲ့ကြသည်။ ထို့နောက် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်




■ စာမျက်နှာ ၂၄ မှ

ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင်တာဝန်ရှိကြသဖြင့် ထမ်းသင်တန်းများမှ သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဦးလည်မသုန်ကျေပွန်စွာ ထမ်းဆောင်နေကြပြီဖြစ်သည်။

၁။ ကျွန်တော် ဒီသင်တန်းကို တက်ရောက်ရတဲ့ ရည်ရွယ်ချက်ကတော့ မိမိနိုင်ငံနဲ့ တိုင်းပြည်အတွက် တာဝန်ကျေပွန်စေချင်တဲ့ စိတ်ကြောင့် တက်ရောက်ခဲ့ခြင်း ဖြစ်ပါတယ်။ သင်ကြားပေးမယ့် ဘာသာရပ်တွေနဲ့ ပတ်သက်ပြီးတော့ ကျွန်တော် အကောင်းဆုံးကြိုးစားအတွက် အကျိုးရှိစေမယ့် ရလဒ်တွေကို ရရှိမှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှကြိုးစားပြီးတော့ တက်ရောက်သင်ကြားပါလို့ ကျွန်တော်ပြောကြားချင်ပါတယ်။ ကျွန်တော်အခုသင်တန်းကာလသုံးလ ပြီးဆုံးသွားတဲ့အချိန်မှာ ကျွန်တော် ဒီစည်းကမ်းဥပဒေကို လိုက်နာချင်တဲ့အတွက် ဒီစစ်မှုထမ်းအပတ်စဉ် (၂၆) ကို လာရောက်တက်ရောက်ခဲ့ခြင်း ဖြစ်ပါတယ်။ အကောင်းဆုံး ကြိုးစားသွားမှာပါ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်ကိုယ်တိုင်ကလည်း စိတ်ဝင်စားတယ်။ စစ်မှုထမ်းတာဝန် ပြီးဆုံးသွားရင်လည်း နောင်လာနောက်သားတွေကို ဒီလိုကောင်းတဲ့ အချက်အလက်လေးတွေ ရှိတယ်ဆိုတာကို ပြန်ပြောပြသွားချင်တယ်။ ဒါကြောင့် သေချာလေး သင်ကြားဖို့ ဆုံးဖြတ်ချက်ချထားပါတယ်။

သတင်းစဉ်

❖





ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၂၆) သင်တန်းဖွင့်ပွဲ ကျင်းပစဉ်။

ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်တွင် စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ အဆိုပါပြည်သူ့စစ်မှု

ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂၆)မှ နိုင်ငံ့သားကောင်းလူငယ်များအဖြစ် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ရန် သင်တန်း တက်ရောက်ကြမည့် သင်တန်းသားများ၏ စကားသံများကိုလည်း ယခုလိုပဲ ကြားသိရပါသည် -

သွားမယ်လို့ ပြောကြားချင်ပါတယ်။ ကျွန်တော်နဲ့အတူတူ သင်တန်း တက်ရောက်မယ့် သူငယ်ချင်းတွေကို ပြောကြားချင်တာကတော့ ကျွန်တော်တို့ တပ်မတော်မှာ စိတ်ဓာတ်ကောင်းတာတွေ စည်းကမ်းကောင်းတာ နောက်တစ်ခုက စစ်နည်းဗျူဟာတွေ သင်ကြားပေးမှာဖြစ်တဲ့ အတွက်ကြောင့်မို့လို့ ဒီဘဝ တာဝန်ကျတဲ့ တပ်ရင်းတွေမှာပဲ တပ်မတော်မှပေးအပ်တဲ့ တာဝန်တွေကို ကျေပွန်စွာနဲ့ ထမ်းဆောင်သွားမှာပါ။

၂။ ကျွန်တော့်ရည်ရွယ်ချက်ကတော့ ကျွန်တော်က မြန်မာနိုင်ငံသား တစ်ယောက်လည်းဖြစ်တယ်။ ရခိုင်တိုင်းရင်းသား တစ်ယောက်လည်း ဖြစ်တဲ့အတွက်ကြောင့် မြန်မာနိုင်ငံက ချမှတ်ထားတဲ့







## လျှပ်စစ်ဓာတ်အား ပိုမိုသုံးစွဲနိုင်စေရန် ထရန်စဖော်မာအသစ် ဓာတ်အားလွှတ်ပွဲ ကျင်းပ

မိတ္ထီလာ ဇွန် ၂၉

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၌ ဝန်အားပြည့်နေသော ထရန်စဖော်မာများအား ဝန်အားကူရန်နှင့် ဓာတ်အားသုံးစွဲသူ အိမ်ထောင်စုများ လျှပ်စစ်ဓာတ်အား ပိုမိုသုံးစွဲနိုင်စေရန် ထရန်စဖော်မာအသစ် ဓာတ်အားလွှတ်ပွဲကို ယမန်နေ့က နန်းတော်ကုန်းရပ်ကွက် သုခထီလာဆေးရုံအနီးတွင် ကျင်းပခဲ့သည်။

မိတ္ထီလာမြို့ နန်းတော်ကုန်းရပ်ကွက်အတွင်း ဝန်အားပြည့်နေသော ထရန်စဖော်မာများအား ဝန်အားကူရန်၊ ဓာတ်အားသုံးစွဲသူ အိမ်ထောင်စုများ လျှပ်စစ်ဓာတ်အား ပိုမိုသုံးစွဲနိုင်စေရန်နှင့် ဗို့အားတည်ငြိမ်စေရန် ရည်ရွယ်၍ 11/0.4KV, 200KVA ထရန်စဖော်မာအသစ်တည်ဆောက်ခဲ့ပြီး ဓာတ်အားလွှတ်ပွဲကို ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြသွင်(ခ)ဦးမြင့်ဆန်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဇော်အောင်လေး၊ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးမင်းကို၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးရဲလင်းကိုကိုနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြရာ အဆိုပါ ဓာတ်အားလွှတ်ပွဲသို့ တက်ရောက်လာသော ဒေသခံပြည်သူများအား လျှပ်စစ်ဝန်ထမ်းများက လျှပ်စစ်အန္တရာယ်အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

(၄၆၉)

# သဲဖြူတောရဓမ္မရိပ်သာနှင့် မဟာမြိုင်တောရဓမ္မရိပ်သာတို့၏ ဦးစီးပဓာနနာယက ဆရာတော်ကြီးအား အမှူးထား၍ ကျန်းမာရေးဝန်ကြီးဌာန၏ ဦးဆောင်လမ်းညွှန်မှု၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပံ့ပိုးမှု၊ အလှူရှင်များ၏ လှူဒါန်းမှုတို့ဖြင့် အခမဲ့မျက်စိစမ်းသပ်ခွဲစိတ်ကုသပေး



**မန္တလေး ဇွန် ၂၉**

သဲဖြူတောရဓမ္မရိပ်သာနှင့် မဟာမြိုင်တောရဓမ္မရိပ်သာတို့၏ ဦးစီးပဓာနနာယက ဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တပညာဇောတအား အမှူးထား၍ ကျန်းမာရေးဝန်ကြီးဌာန၏ ဦးဆောင်လမ်းညွှန်မှု၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ပံ့ပိုးမှု၊ အလှူရှင်များ၏ လှူဒါန်းမှုတို့ဖြင့် မျက်စိဝေဒနာရှင် ရဟန်းရှင်လူပြည်သူများအား အခမဲ့မျက်စိစမ်းသပ်ခွဲစိတ်ကုသပေးခြင်း အစီအစဉ် စတင်ခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနတွင်ကျင်းပရာ သဲဖြူတောရဓမ္မရိပ်သာနှင့် မဟာမြိုင်တောရဓမ္မရိပ်သာတို့၏ ဦးစီးပဓာနနာယက ဆရာတော်ကြီး ကြွရောက်ချီးမြှင့်တော်မူသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ မန္တလေးပြည်သူ့ဆေးရုံအုပ်ကြီး၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်း ခွဲစိတ် အထူးကုဆေးရုံကြီး (မန္တလေး) ဆေးရုံအုပ်ကြီး၊ ဆရာဝန်ကြီးများနှင့်အဖွဲ့၊ ဌာနဆိုင်ရာများ၊ အလှူရှင်များ၊ မျက်စိဝေဒနာရှင် ရဟန်းရှင်လူ ပြည်သူများ တက်ရောက်ကြပြီး နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရား ကန်တော့၍အခမ်းအနားကိုဖွင့်လှစ်ပြီး ဆရာတော်ကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီးနောက် ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

ထို့နောက် သဲဖြူတောရဓမ္မရိပ်သာနှင့်မဟာမြိုင်တောရဓမ္မရိပ်သာတို့၏ ဦးစီးပဓာန နာယက ဆရာတော်ကြီးထံ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက သင်္ကန်း အစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ဆရာတော်ကြီးက လာရောက်ပြသကြသည့် မျက်စိဝေဒနာရှင် ရဟန်းရှင်လူပြည်သူများအား အားပေးစကားများပြောကြားခဲ့ကြောင်း၊ မျက်စိဝေဒနာရှင် ရဟန်းရှင်လူပြည်သူများကို အခမဲ့မျက်စိစမ်းသပ် ခွဲစိတ်ကုသပေးခြင်းအား ဇူလိုင် ၃ ရက်အထိ နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၄ နာရီအတွင်း လက်ခံဆောင်ရွက်ပေးသွားဖြစ်ပြီး အတွင်းတိမ် မျက်စိဝေဒနာရှင်များကို မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်း ခွဲစိတ် အထူးကုဆေးရုံကြီး (မန္တလေး)တွင် ခွဲစိတ်ကုသပေးသွားမည်ဖြစ်ကြောင်း၊ ယခုလို မျက်စိဝေဒနာရှင် ရဟန်းရှင်ပြည်သူများအား အခမဲ့မျက်စိစမ်းသပ် ခွဲစိတ်ကုသပေးခြင်းအစီအစဉ် ဆောင်ရွက်ခြင်းမှာ အဌမအကြိမ်မြောက် ရှိပြီဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၄)**

# ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံတွဲဘာသာရပ်ဖြင့် တစ်နိုင်ငံလုံး ပထမနေရာဆွတ်ခူးရရှိသူ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့ရှိ CAE ကိုယ်ပိုင်အထက်တန်းကျောင်းတွင် ပညာသင်ကြားခဲ့သည့် မသီရိစိုးနှင့် တွေ့ဆုံမေးမြန်းခြင်း

**ကျောင်းသား၊ မိဘ၊ ဆရာ ညီညွတ်မျှတမှုဖြင့် ဆွတ်ခူးခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင် အောင်မြင်မှုပန်းတိုင်**

ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနက ၂၀၂၆ ခုနှစ် မတ်လတွင် ကျင်းပပြုလုပ်ခဲ့သည့် တက္ကသိုလ်ဝင်စာမေးပွဲ ရလဒ်များကို ထုတ်ပြန်ကြေညာခဲ့ရာ သိပ္ပံတွဲဘာသာရပ်တွင် စုစုပေါင်းရမှတ် (၅၆၂)မှတ်ဖြင့် ခြောက်ဘာသာဂုဏ်ထူးဆွတ်ခူးကာ တစ်နိုင်ငံလုံး အမှတ်အများဆုံး (ပထမ)နေရာကို ဆွတ်ခူးရရှိခဲ့သူမှာ မန္တလေးမြို့ CAE ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသူ မသီရိစိုး ဖြစ်ပါသည်။

နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အနာဂတ်ပညာရေးမဏ္ဍိုင်ကို ထမ်းဆောင်ကြမည့် ထူးချွန်ကျောင်းသား၊ ကျောင်းသူများ၏ ကြိုးစားအားထုတ်မှုနှင့် အောင်မြင်မှုလမ်းစဉ်များကို စံနမူနာယူနိုင်စေရန်အတွက် တစ်နိုင်ငံလုံး သိပ္ပံတွဲ ပထမဆုရှင် မသီရိစိုးနှင့် မိခင်ဖြစ်သူ ဒေါ်ဦးခင်ကျော့တို့အား မန္တလေးနေ့စဉ်သတင်းစာက တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည်။

**တစ်နိုင်ငံလုံး ပထမဆုရရှိမှုအပေါ် ရင်တွင်းစကား**

**မေး။** ။ တက္ကသိုလ်ဝင်စာမေးပွဲမှာ တစ်နိုင်ငံလုံး သိပ္ပံတွဲ ပထမရရှိခဲ့တဲ့အတွက် ခံစားချက်ကို သိပါရစေ။

**ဖြေ။** ။ အရမ်းကို ဝမ်းသာပီတိဖြစ်ပြီး စိတ်လှုပ်ရှားမိပါတယ်။ သမီးကို အနီးကပ်သွန်သင်ဆုံးမပေးခဲ့ကြတဲ့ ဆရာမကြီးနဲ့တကွ ဆရာ၊ ဆရာမတွေအားလုံး၊ ပြီးတော့ သမီးရဲ့ မိဘတွေကိုလည်း အထူးပဲ ကျေးဇူးတင်ရှိပါတယ်။ စာမေးပွဲဖြေဆိုချိန်တုန်းက ခြောက်ဘာသာဂုဏ်ထူးရရှိဖို့ပဲ အများဆုံး မျှော်မှန်းထားခဲ့တာပါ။ အခုလို တစ်နိုင်ငံလုံး ပထမအဆင့်အထိ ရရှိလိမ့်မယ်လို့ မမျှော်လင့်ထားတဲ့အတွက် အတိုင်းအဆမရှိ ဝမ်းသာဂုဏ်ယူမိပါတယ်။ ဖေဖေနဲ့ မေမေတို့အတွက် သမီးအနေနဲ့ အခုလို သမိုင်းဝင်အောင်မြင်မှုမျိုး လုပ်ဆောင်ပေးနိုင်ခဲ့တဲ့အတွက်လည်း အလွန်ဝမ်းသာပါတယ်။

**စနစ်ကျသော ပညာသင်ကြားမှုနှင့် ပြင်ဆင်ခဲ့ရပုံများ**

**မေး။** ။ အခုလို ထူးချွန်တဲ့ ရလဒ်ကောင်းတွေ ရရှိလာဖို့အတွက် စာမေးပွဲကို ဘယ်လို ပြင်ဆင်ခဲ့ရလဲ။

**ဖြေ။** ။ သမီးရဲ့ ဇာတိက ရခိုင်ပြည်နယ် စစ်တွေမြို့ ဖြစ်ပါတယ်။ စစ်တွေမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှာ Grade-10အထိ တက်ရောက်ပညာသင်ကြားခဲ့ပြီး Grade-11 မှာတော့ မန္တလေးမြို့က CAE ကိုယ်ပိုင်အထက်တန်းကျောင်းကို ပြောင်းရွှေ့ခဲ့ပြီး အဆောင်မှာ နှစ်နှစ်နေထိုင်ကာ အထူးကြိုးစားခဲ့တာ ဖြစ်ပါတယ်။ သမီးက အဆောင်နေ ကျောင်းသူဖြစ်တဲ့အတွက် စာကျက်မှတ်လေ့လာဖို့ ကျောင်းက ဆရာမတွေက Plan (အချိန်စာရင်း) သေသေချာချာ ဆွဲပေးပါတယ်။ အဲ့ဒီ Planတွေကို ပြည့်မီအောင် ကြိုးစားပြီး လုပ်ဆောင်ခဲ့ပါတယ်။ ကျောင်းကနေ ပြီးတော့လည်း Tutorial (မေးခွန်းတို)တွေနဲ့ မေးခွန်းဟောင်းတွေကို ခဏခဏ ဖြေဆိုလေ့ကျင့်ခိုင်းတဲ့အတွက် လက်ရည်ဝပြီး စာမေးပွဲအပေါ် ကြောက်စိတ်မရှိတော့ပါဘူး။ ကျောင်းရဲ့ စီမံခန့်ခွဲမှု အားကောင်းမှုနဲ့ ဆရာမတွေရဲ့ စနစ်တကျ ပံ့ပိုးပေးမှုတွေက အဓိက အရေးပါခဲ့ပါတယ်။ စာမေးပွဲဖြေဆိုတဲ့အခါ တစ်ခါတလေ အမှတ်မကောင်းတာမျိုးရှိရင် စိတ်မကောင်းဖြစ်ရပါတယ်။ အဲ့ဒီအချိန်မျိုးမှာ ဆရာမကြီးနဲ့ ဆရာမတွေက "ဒါက စာမေးပွဲအစမ်းပဲ ရှိသေးတယ်၊ နောက်ဆုံးစာမေးပွဲကသာ အဓိကဖြစ်လို့ အားမလျှော့နဲ့"လို့ အမြဲတစေ ထပ်ခါတလဲလဲ ရင်းရင်းနှီးနှီး တိုက်တွန်းမှာကြားပြီး အားပေးခဲ့ကြပါတယ်။

**နောင်လာမည့် မောင်လေး၊ ညီမလေးများအတွက် အကြံပြုချက်**

**မေး။** ။ စာမေးပွဲဖြေဆိုမယ့် နောင်တက်လာမယ့် မောင်လေး၊ ညီမလေးတွေကို စာလေ့လာမှုနဲ့ ပတ်သက်ပြီး အကြံပြုပေးစေချင်ပါတယ်။

**ဖြေ။** ။ သမီးအနေနဲ့ တစ်ရက်ကို ကျောင်းစာသင်ချိန် ပြီးတာနဲ့ အပြင်မှာ အချိန်ရရင်ရသလောက် စာကြည့်လေ့ရှိပါတယ်။ အဓိကကတော့ စာလုပ်တဲ့အခါမှာ စိတ်ပါလက်ပါနဲ့ Focus(အာရုံစိုက်မှု) ထားပြီး လုပ်ဆောင်စေချင်ပါတယ်။ အာရုံစိုက်ပြီး လုပ်ဆောင်ရင် အချိန်တွေ အများကြီး မကုန်ဆုံးတော့ဘဲ ထိရောက်မှုရှိပါတယ်။ နောက်ပြီး စာကို ဆက်တိုက်ဖိလုပ်နေတာထက် နားချိန်ကို သတ်မှတ်ပြီး စနစ်တကျ နားနားပြီးမှ ပြန်လုပ်သင့်ပါတယ်။ စာလေ့လာရာမှာ အရေးမကြီးတဲ့အပိုင်းဆိုတာမရှိဘဲ အကုန်လုံးက အရေးကြီးပါတယ်။ ဆရာမတွေ စာသင်ပြနေတဲ့အချိန်မှာ သေသေချာချာ အာရုံစိုက်နားထောင်ရင် သင်ကြားမှုရဲ့ ၅၀ ရာခိုင်နှုန်းလောက်က ချက်ချင်းနားလည်သဘောပေါက်သွားပါတယ်။ ကိုယ်ပိုင် Study Time ကျမှ သေသေချာချာ လိုက်လုပ်ပြီး Revision(ပြန်လည် ဆန်းစစ်ခြင်း) ခဏခဏ လုပ်သင့်ပါတယ်။ ကိုယ်တိုင် Note (မှတ်စု)ထုတ်တာမျိုးကိုလည်း လုပ်စေချင်ပါတယ်။ သမီးအနေနဲ့ အနာဂတ်မှာ ဆေးတက္ကသိုလ် တက်ရောက်ပြီး ထူးချွန်တဲ့ ဆရာဝန်တစ်ဦးအဖြစ် ပြည်သူလူထုကို ကူညီကုသပေးသွားဖို့ မျှော်မှန်းထားပါတယ်။



**မိခင်ဖြစ်သူ၏ ပီတိစကားနှင့် အကြံပြုချက်**

**မေး။** ။ ထူးချွန်ကျောင်းသူ မသီရိစိုးရဲ့ မိခင်ဖြစ်သူ ဒေါ်ဦးခင်ကျော့အနေနဲ့ သမီးဖြစ်သူရဲ့ အောင်မြင်မှုအပေါ် ပံ့ပိုးပေးခဲ့မှုနဲ့ ခံစားချက်ကိုလည်း သိပါရစေ။

**ဖြေ။** ။ သမီးလေးက ငယ်ငယ်ကတည်းက မြန်မာစာကအစ အမှတ်အများကြီးရအောင် ကြိုးစားတတ်သူဖြစ်ပါတယ်။ အင်္ဂလိပ်စာ Grammarအပိုင်းရော၊ ပန်းချီပညာကိုပါ ငယ်စဉ်ကတည်းက စနစ်တကျ သင်ယူခွင့်ရအောင် ဆရာ၊ ဆရာမတွေနဲ့ ချိတ်ဆက်ပေးခဲ့ပါတယ်။ ကျန်တဲ့ ပညာရေးအပိုင်းတွေကတော့ သမီးက သူ့ဘာသာသူ စိတ်ချရအောင် လုပ်ဆောင်သွားတာ ဖြစ်ပါတယ်။ မိခင်တစ်ဦးအနေနဲ့ ခြောက်ဘာသာဂုဏ်ထူးပဲ မျှော်မှန်းထားခဲ့တာပါ။ ဒါပေမဲ့ ကျောင်းကနေ သမီးလေး တစ်နိုင်ငံလုံး ပထမရရှိတယ်လို့ အကြောင်းကြားလာတဲ့အခါ အတိုင်းအဆမရှိ ဝမ်းသာပီတိဖြစ်ရပြီး အလွန်ပဲဂုဏ်ယူမိပါတယ်။ ကျွန်မအနေနဲ့ အကြံပြုချင်တာကတော့ ကလေးတစ်ယောက် ထူးချွန်ထက်မြက်ဖို့ဆိုတာ "ဆရာ၊ မိဘ၊ ကျောင်းသား"ဆိုတဲ့ သုံးဦးသုံးဖလှယ် ညီညွတ်မျှတမှ ရရှိနိုင်မှာ ဖြစ်ပါတယ်။ ဆရာတွေက ဆရာ့အပိုင်းကနေ အစွမ်းကုန်သင်ကြားပေးသလို၊ မိဘတွေကလည်း ကလေးတွေ မျက်နှာမငယ်ရအောင် လိုအပ်ချက်တွေကို လိုလေသေးမရှိ ဖြည့်ဆည်းပေးရပါမယ်။ အားပေးစကားတွေ အနီးကပ် ပြောပေးရပါမယ်။ အဆောင်ထားတယ်ဆိုပြီး ကလေးကို အဝေးကြီးမှာ ပစ်ထားတာမျိုးထက် မိဘက အမြဲတစေ မျက်ခြည်မပြတ် အနီးကပ်စောင့်ရှောက်ပေးတာက ပိုပြီးကောင်းမွန်ကြောင်း အကြံပြုလိုပါတယ်ရှင်။

**မျိုးသန့်(မန္တလေး)**




## အင်္ဂလန်အသင်းသမိုင်းတစ်လျှောက် ကမ္ဘာ့ဖလားပြိုင်ပွဲ ဂိုးသွင်းအများဆုံးကစားသမားအဖြစ် ဟယ်ရီကိန်း မှတ်တမ်းဝင်



**လန်ဒန် ဇွန် ၂၉**

အင်္ဂလန်အသင်း တိုက်စစ်မှူး ဟယ်ရီကိန်း(သွင်းဂိုး ၁၁ဂိုး) သည် ဂယ်ရီလိုင်နီကာ(သွင်းဂိုး ၁၀ဂိုး)စံချိန်ကို ကျော်ဖြတ်ကာ အသင်းသမိုင်းတစ်လျှောက် ကမ္ဘာ့ဖလားပြိုင်ပွဲ၌ ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် စံချိန်မှတ်တမ်းဝင်ခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ၂၀၂၆ ကမ္ဘာ့ဖလား အုပ်စုပွဲစဉ်၌ အင်္ဂလန်အသင်းက ပနားမားအသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုးတစ်ဂိုးသွင်းယူပေးပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ဟယ်ရီကိန်းသည် အင်္ဂလန်အသင်းနှင့်အတူ ၂၀၁၅ မှ ၂၀၂၆ ခုနှစ်အထိ နိုင်ငံတကာပွဲပေါင်း ၁၁၇ပွဲကစားကာ ၈၂ဂိုးထိ သွင်းယူထားသည်။

အသက်(၃၂)နှစ်အရွယ်ရှိ ဟယ်ရီကိန်းက "အခုလို မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို မှတ်တမ်းတွေအပြင် အသင်းနဲ့အတူ ၂၀၂၆ ကမ္ဘာ့ဖလားချန်ပီယံဆုကို ဆွတ်ခူးနိုင်ဖို့ ကြိုးစားသွားမှာပါ" ဟု ပြောသည်။ **(ဝဲပုံ) (NGB)**

## ချာကာကို ခေါ်ယူရန် ချဲလ်ဆီးအသင်း ဆွေးနွေး


**လန်ဒန် ဇွန် ၂၉**

ချဲလ်ဆီးအသင်းသည် ဆန်းဒါးလန်းအသင်း၏ ဝါရင့် ကွင်းလယ်ကစားသမား ချာကာကို ခေါ်ယူရန် ဆွေးနွေးလျက်ရှိသည်။

အသက်(၃၃)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ဆန်းဒါးလန်းအသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၃၆ပွဲကစားပြီး တစ်ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ချဲလ်ဆီးအသင်းက ခေါ်ယူရန် ဆွေးနွေးလာခြင်းဖြစ်သည်။

ဆန်းဒါးလန်းအသင်းကလည်း ချာကာအတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် ချဲလ်ဆီးအသင်း အနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် ဆန်းဒါးလန်းအသင်းမှ ချာကာကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(ယာပုံ) (NGB)**



## နည်းပြ စတိဗ်ကလာ့ခ်ကို နည်းပြရာထူးမှ စကော့တလန်အသင်း ထုတ်ပယ်

**လန်ဒန် ဇွန် ၂၉**

စကော့တလန်အသင်းသည် အသင်းနည်းပြ စတိဗ်ကလာ့ခ်ကို နည်းပြရာထူးမှ ထုတ်ပယ်ခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

စကော့တလန်အသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အုပ်စုအဆင့်မှ ထွက်ခွာခဲ့ရပြီးနောက် နည်းပြ စတိဗ်ကလာ့ခ်ကို ရာထူးမှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ နည်းပြသည် စကော့တလန်အသင်းကို ၂၀၁၉ ခုနှစ်၊ မေ ၂၀ရက်မှ စတင်ကိုင်တွယ်ခဲ့ပြီး ပြိုင်ပွဲ ၈၁ပွဲတွင် ၃၆ပွဲနိုင်၊ ၁၆ပွဲသရေ၊ ၂၉ပွဲရှုံး ရလဒ်ပိုင်ဆိုင်ခဲ့သည်။

စကော့တလန်အသင်း၏ထုတ်ပြန်ချက်တွင် "နည်းပြ စတိဗ်ကလာ့ခ်ကို ရာထူးမှ ထုတ်ပယ်လိုက်ပါပြီ။ အသင်းအနေနဲ့လည်း နည်းပြသစ်တစ်ဦးကို အမြန်ဆုံး ရှာဖွေခန့်အပ်သွားမှာပါ" ဟု ထုတ်ပြန်သည်။ **(အောက်ပုံ) (NGB)**



## ဘရူနိုဂီမာရေးစ်ကို လုပ်ခလစာတိုးမြှင့်၍ ၂၀၃၀ ပြည့်နှစ်အထိ စာချုပ်သက်တမ်းတိုးရန် နယူးကာဆယ်အသင်း စီစဉ်



**လန်ဒန် ဇွန် ၂၉**

နယူးကာဆယ်အသင်းသည် အသင်းကွင်းလယ်ကစားသမား ဘရူနိုဂီမာရေးစ်ကို လုပ်ခလစာတိုးမြှင့်၍ စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိပြီဖြစ်သည်။

အသက်(၂၈)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားကို ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေခြင်းကြောင့် နယူးကာဆယ်အသင်းက စာချုပ်သက်တမ်းတိုးရန် စီစဉ်လာခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား ဘရူနိုဂီမာရေးစ်သည် နယူးကာဆယ်အသင်းနှင့်အတူ ၂၀၂၁-၂၀၂၂ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၉၅ပွဲကစားပြီး ၃၁ ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

နယူးကာဆယ်အသင်း၏ ထုတ်ပြန်ချက်တွင် "ဘရူနိုဂီမာရေးစ်ကို စာချုပ်သက်တမ်းတိုးဖို့ စီစဉ်နေပါပြီ။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ။ စာချုပ်ကိစ္စလည်း မကြာမီရက်ပိုင်းအတွင်း အပြီးသတ်နိုင်တော့မှာပါ" ဟု ထုတ်ပြန်သည်။ **(အပေါ်ဝဲပုံ) (NGB)**

## အမ်မလီဂျိုရာမိုကို ဘရိုက်တန်အမျိုးသမီးအသင်း ခေါ်ယူ

**လန်ဒန် ဇွန် ၂၉**

ဘရိုက်တန်အမျိုးသမီးအသင်းသည် Hammarby အသင်း ကွင်းလယ်ကစားသမား အမ်မလီဂျိုရာမိုကို ခေါ်ယူခဲ့ကြောင်း သိရသည်။

အသက်(၂၄)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ဘရိုက်တန်အမျိုးသမီးအသင်းနှင့်အတူ လာမည့် ဇူလိုင် ၁ ရက်မှသာ စတင်ပူးပေါင်းသွားမည်ဖြစ်သည်။



ကွင်းလယ်ကစားသမား အမ်မလီဂျိုရာမိုသည် Hammarby အသင်းနှင့်အတူ ၂၀၂၃မှ ၂၀၂၆ ခုနှစ်အထိ ပြိုင်ပွဲစုံ ၅၁ပွဲကစားကာ ခြောက်ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဘရိုက်တန်အမျိုးသမီးအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် ကွင်းလယ်ကစားသမား အမ်မလီဂျိုရာမို အနေဖြင့် ဘရိုက်တန်အမျိုးသမီးအသင်းနှင့်အတူ အောင်မြင်မှုများ ရယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(ဝဲပုံ) (NGB)**

## 2026 Nordea Open တင်းနစ်ပြိုင်ပွဲ ဇူလိုင် ၆ ရက်တွင် စတင်မည်

**လန်ဒန် ဇွန် ၂၉**

ဆွီဒင်နိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော နာမည်ကျော် တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Nordea Open တင်းနစ်ပြိုင်ပွဲ လာမည့် ဇူလိုင် ၆ ရက်တွင် စတင်သွားမည်ဖြစ်သည်။



အဆိုပါ 2026 Nordea Open တင်းနစ်ပြိုင်ပွဲကို ဇူလိုင် ၆ ရက်မှ ၂၀ရက်အထိ ၁၅ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2026 Nordea Open တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်ကစားသမား၊ တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

Nordea Open တင်းနစ်ပြိုင်ပွဲ၏ လက်ရှိ ချန်ပီယံမှာ အီတလီ တင်းနစ်ကစားသမား Luciano Darderi နှင့် အီတလီ တင်းနစ်မယ် Elisabetta Cocc-iaretto တို့ဖြစ်သည်။ **(အပေါ်ပုံ) (NGB)**

## ယဲရီမီပီနို ဘယ်ဘက်ပခုံးညှပ်ရိုးဒဏ်ရာကြောင့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲကို လွဲချော်ဖွယ်ရှိ

**လန်ဒန် ဇွန် ၂၉**

စပိန်အသင်းကွင်းလယ် ကစားသမား ယဲရီမီပီနိုသည် ဘယ်ဘက်ပခုံးညှပ်ရိုးဒဏ်ရာကြောင့် ၂၀၂၆ကမ္ဘာ့ဖလားပြိုင်ပွဲ ပွဲစဉ်များကို လွဲချော်ဖွယ်ရှိနေသည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ၂၀၂၆ကမ္ဘာ့ဖလား အုပ်စုပွဲစဉ်အဖြစ် စပိန်အသင်းက ဥရုဂွေးအသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား ယဲရီမီပီနို ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် စပိန်အသင်းအတွက်လည်းကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

စပိန်အသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ၃၂သင်းအဆင့် ပွဲစဉ်အဖြစ် လာမည့် ဇူလိုင် ၃ရက် မြန်မာစံတော်ချိန် နံနက် ၁ နာရီခွဲ အချိန်တွင် ဩစတြီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **(အောက်ပုံ) (NGB)**



## ကနေဒါအသင်းက တောင်အာဖရိကအသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

**လန်ဒန် ဇွန် ၂၉**

၂၀၂၆ ကမ္ဘာ့ဖလား ၃၂သင်း ရှုံးထွက်အဆင့်ပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်း ကမ္ဘာ့အဆင့် (၃၀)ရှိ ကနေဒါ အသင်းနှင့် ကမ္ဘာ့အဆင့် (၆၀)ရှိ တောင်အာဖရိကအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကနေဒါအသင်းက တောင်အာဖရိကအသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိကာ ၁၆ သင်းရှုံးထွက်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။



ကနေဒါအသင်းအတွက် သွင်းဂိုးတစ်ဂိုးကို ၉၀+၂မိနစ်တွင် အီစတာကွီအိုက သွင်းယူပေးခဲ့သည်။

ကနေဒါအသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလား ၁၆သင်း ရှုံးထွက်အဆင့်အဖြစ် နယ်သာလန်အသင်းနှင့် မော်ရိုကိုအသင်းတို့မှ အနိုင်ရရှိမည့် အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **(ဝဲပုံ) (NGB)**

## ၂၀၂၆ ကမ္ဘာ့ဖလား(၃၂)သင်းအဆင့် ပွဲစဉ်များ

နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | နောက်ဆုံးတွေ့ဆုံမှု |
|---|---|---|
| ၂၀-၆-၂၀၂၆<br>ညသန်း၃၀နာရီ | အိုင်ဗရီကို့စ် - နော်ဝေ | ——— |
| ၁-၇-၂၀၂၆<br>နံနက်၀၃း၃၀နာရီ | ပြင်သစ် - ဆွီဒင် | ပြင်သစ် ၄-၂ ဆွီဒင်<br>ဆွီဒင် ၀-၁ ပြင်သစ် |
| ၁-၇-၂၀၂၆<br>နံနက်၀၇း၃၀နာရီ | မက္ကဆီကို - အီကွေဒေါ် | မက္ကဆီကို ၁-၁ အီကွေဒေါ်<br>(၁၅-၁၀-၂၀၂၅ နိုင်ငံတကာခြေစမ်းပွဲ) |

# မန္တလေးနည်းပညာတက္ကသိုလ် ပါမောက္ခချုပ်ဖလား ဘောလုံးပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် ကြက်တောင်ရိုက်ပြိုင်ပွဲများ ဖွင့်ပွဲအခမ်းအနားကျင်းပ

**ပုသိမ်ကြီး ဇွန် ၂၉**

မန္တလေးနည်းပညာတက္ကသိုလ် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မိုးရာသီ အားကစားပြိုင်ပွဲစာသင်နှစ်ပေါင်းစုံ ပါမောက္ခချုပ်ဖလား အမျိုးသားဘောလုံးပြိုင်ပွဲ၊ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် အမျိုးသား၊ အမျိုးသမီးအတွဲလိုက် ကြက်တောင်ရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားများကို ယနေ့မွန်းလွဲပိုင်းက ပုသိမ်ကြီးမြို့နယ်ရှိ မန္တလေးနည်းပညာတက္ကသိုလ် ဘောလုံးကွင်းတွင်ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများဖြစ်ကြသည့် လူမှုရေးရာဝန်ကြီးနှင့် ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ မန္တလေးနည်းပညာတက္ကသိုလ်တာဝန်ခံ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ (ဌာနမှူး)များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်အားပေးကြသည်။

အခမ်းအနားတွင် လူမှုရေးရာဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီးနောက် အခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ပြီး အမျိုးသားဘောလုံးပြိုင်ပွဲအတန်းအလိုက် ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။





မန္တလေးနည်းပညာတက္ကသိုလ် ၂၀၂၅-၂၀၂၆ပညာသင်နှစ် မိုးရာသီအားကစား ပါမောက္ခချုပ်ဖလား အမျိုးသားဘောလုံးပြိုင်ပွဲ၊ အမျိုးသားပိုက်ကျော်ခြင်းပွဲ၊ အမျိုးသား၊ အမျိုးသမီး အတွဲလိုက် ကြက်တောင်ရိုက်ပြိုင်ပွဲများတွင် အတန်းအလိုက် ကျောင်းသား၊ ကျောင်းသူ အားကစားသမား ၁၈၀ ဦး ပါဝင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၄)**

# အောင်သာယာဈေး၌ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

**မန္တလေး ဇွန် ၂၉**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာနသည် ဈေးများ သန့်ရှင်းသာယာရေးနှင့် ဈေးအင်္ဂါရပ်နှင့်ညီညွတ်စေရေးအတွက် ယနေ့နံနက်ပိုင်းက မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ၅၅ လမ်းနှင့် ၅၆လမ်းကြား၊ ၁၀၇ လမ်းနှင့် ၁၀၈လမ်းကြားရှိ အောင်သာယာဈေးတွင် ဈေးအင်္ဂါရပ်နှင့်ညီညွတ်စေရေးအတွက် သန့်ရှင်းရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ကြသည်။



ထိုသို့ ဆောင်ရွက်ရာတွင် ဈေးအတွင်း၊ ဈေးပြင်ပရှိ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေး၊ မြောင်းအတွင်းမှ အမှိုက်သရိုက်များနှင့်မြောင်းစာများကို ဈေးသန့်ရှင်းရေးဝန်ထမ်းများက စုပေါင်းဆယ်ယူရှင်းလင်းခြင်း၊ ဈေးအတွင်း အပြင်အမှိုက်လှည်းခြင်းနှင့် သိမ်းဆည်းခြင်း လုပ်ငန်းများကို ဈေးတာဝန်ခံ၊ ဈေးကောက်၊ ဈေးစည်းကမ်းထိန်းသိမ်းရေးဝန်ထမ်းများ ၅၀ ဦးနှင့်ဈေးသန့်ရှင်းရေးဝန်ထမ်း ၇၀ ကျော်တို့ စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

ဈေးများတွင် အများပြည်သူများ စိတ်ချမ်းမြေ့ပျော်ရွှင်စွာ ရောင်းဝယ်ဖောက်ကားနိုင်ရေး၊ ဈေးအင်္ဂါရပ်နှင့်ညီညွတ်စေရေး၊ ဈေးဝင်၊ ထွက်လမ်းများစနစ်တကျရှိစေရေး၊ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဈေးဆိုင်ခန်းများတွင် မီးသတ်ဆေးဘူးများထားရှိစေရေးကြီးကြပ်ဆောင်ရွက်ထားပြီး ဈေးရုံးတွင်လည်း မီးသတ်ဆေးဘူးများ၊ မီးချိတ်၊ မီးကပ်၊ ရေပုံးနှင့်သဲများ ကြိုတင်ဆောင်ရွက်ထားရှိကြောင်း သိရသည်။

**(ဝဲပုံ)**

**(မန္တလေးနေ့စဉ်-၃)**

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲ ကျင်းပ



**မန္တလေး ဇွန် ၂၉**

အခြေခံပညာကျောင်းသား၊ ကျောင်းသူများအား ယာဉ်အန္တရာယ်ကင်းဝေးစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ ၅၂လမ်း၊ ၁၀၄ လမ်းနှင့် ၁၀၅ လမ်းကြားရှိ စိတ်ကူးသစ်ကိုယ်ပိုင်အထက်တန်းကျောင်း၊ အားကစားရုံတွင် ကျင်းပသည်။

**(အပေါ်ပုံ)**

အခမ်းအနားသို့ အမှတ်(၃)ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ(မန္တလေး)၊ အမှတ်(၁၄)ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲ (မန္တလေး)၊ အမှတ်(၈၉)ယာဉ်ထိန်း ရဲတပ်ဖွဲ့စု(ချမ်းမြသာစည်မြို့နယ်)မှ တပ်ဖွဲ့စုမှူး ဒုတိယရဲမှူးစိုင်းကျော်မျိုးထွန်းနှင့်တပ်ဖွဲ့ဝင်များ၊ စိတ်ကူးသစ်ကိုယ်ပိုင်ကျောင်း တည်ထောင်အုပ်ချုပ်သူ ဦးစိုင်းလှနိုင်ဝင်း၊ ကျောင်းအုပ် ဒေါ်နန်းဝေဝေအေး၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ ၄၅၀ ဦး တက်ရောက်ကြသည်။

အဆိုပါ ပညာပေးဟောပြောပွဲတွင် တပ်ဖွဲ့စုမှူး ဒုတိယရဲမှူး စိုင်းကျော်မျိုးထွန်းက လမ်းအသုံးပြုသူများ လိုက်နာရမည့်အချက်များ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ၊ ယာဉ်အန္တရာယ်ကင်းဝေးစေရေးအတွက် ညွှန်ကြားချက်များနှင့်ဥပဒေများကို တိကျစွာလိုက်နာရေး၊ ယာဉ်မတော်တဆမှု ဖြစ်လေ့ရှိသည့် သာဓကများကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းဟောပြောသည်။

ထို့နောက် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များက ကျောင်းသား၊ ကျောင်းသူများအား အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**

# အောင်ပန်းမြေ ကိုယ်ပိုင်အလယ်တန်းကျောင်း ထူးချွန်ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ပွဲ ကျင်းပ

**မန္တလေး ဇွန် ၂၉**

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ဘာသာစုံ A အဆင့်ဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော Grade-9 နှင့် Grade-5 ကျောင်းသား၊ ကျောင်းသူစုစုပေါင်း ၄၅ ဦးအား ဂုဏ်ပြုချီးမြှင့်သည့် အခမ်းအနားကို ယမန်နေ့နံနက် ၈ နာရီက အောင်ပန်းမြေကိုယ်ပိုင်အလယ်တန်းကျောင်း(ချမ်းအေးသာစံ) ခန်းမ၌ ကျင်းပသည်။

**(အပေါ်ယာပုံ)**

အခမ်းအနားသို့ အောင်ပန်းမြေကိုယ်ပိုင်အလယ်တန်းကျောင်း တည်ထောင်သူ ဥက္ကဋ္ဌ ဦးရန်အောင်၊ ကျောင်းပေါင်းကျောင်းအုပ်ကြီး ဦးခင်မောင်စော၊ လုပ်ငန်းစီစစ်ရေးမှူး ဦးအောင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးလှဝင်း၊ တာဝန်ခံ ဦးကျော်ဝင်း၊ ကျောင်းကော်မတီအဖွဲ့ဝင်များ၊ ကျောင်းအသီးသီးမှ ကျောင်းအုပ်ကြီးများ၊ ကြီးကြပ်ရေးမှူးချုပ်နှင့်ကြီးကြပ်ရေးမှူးများ၊ ဆရာ၊ ဆရာမများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဆုရကျောင်းသား၊ ကျောင်းသူများနှင့် မိဘများတက်ရောက်ကြသည်။

ရှေးဦးစွာ တည်ထောင်သူ၊ ကျောင်းကော်မတီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး ကျောင်းပေါင်းကျောင်းအုပ်ကြီးက ဂုဏ်ပြုစကားပြောကြားသည်။ ထို့နောက် တည်ထောင်သူ၊ ကျောင်းကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက Grade-9 ဘာသာစုံ A အဆင့်ဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သူ ၁၁ ဦးအား ဂုဏ်ပြုဆုငွေကျပ်ရှစ်သိန်းစီနှင့် Grade-5 ဘာသာစုံ A အဆင့်ဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သူ ၃၄ ဦးအား ဂုဏ်ပြုဆုငွေကျပ်ခြောက်သိန်းစီ ပေးအပ်ချီးမြှင့်ကြသည်။




အောင်ပန်းမြေ ကိုယ်ပိုင်အလယ်တန်းကျောင်း(ချမ်းအေးသာစံ)မှ Grade-5 တွင် ဘာသာစုံ A အဆင့်ဖြင့် အောင်မြင်ခဲ့သူ မဆုစန္ဒီဦးက "ထူးချွန်စွာ အောင်မြင်အောင်သင်ကြားပေးခဲ့တဲ့ ဆရာ၊ ဆရာမများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါတယ်။ သမီးတို့အခုလို အောင်မြင်ရတာ ဆရာ၊ ဆရာမများရဲ့ သင်ကြားမှု၊ မိဘများရဲ့ ပံ့ပိုးမှုနဲ့အတူကျောင်းတော်ကြီးမှ ကျောင်းကော်မတီလူကြီးများက အစစအရာရာပံ့ပိုးကူညီပေးကြလို့ ဖြစ်ပါတယ်ရှင့်။ စာမေးပွဲဖြေဆိုဖို့ အစစအရာရာပံ့ပိုးပေးသလို အခုလို ထိုက်ထိုက်တန်တန်ဂုဏ်ပြုမှုခံရတဲ့အတွက်လည်း အတိုင်းမသိ ဝမ်းမြောက်ဂုဏ်ယူမိပါတယ်ရှင်"ဟု ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**

**စိမ်းလန်းစိုပြည်လှပစေဖို့ သန့်ရှင်းသော ကမ္ဘာမြေကို စောင့်ရှောက်စို့။**

# ဓာတ်အားပို့လွှတ်ပေးခြင်း အခမ်းအနား ကျင်းပ



**မြစ်သား ဇွန် ၂၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊မြစ်သားမြို့နယ်၊ ကူမဲမြို့၊ ကွက်သစ်ရပ်ကွက် အတွင်းရှိ ပြည်သူများ လျှပ်စစ်ဓာတ်အားပြည့်ဝစွာသုံးစွဲနိုင်ရေး အတွက် လျှပ်စစ်ဓာတ်အားပေးကော်ပိုရေးရှင်းမှ 11 KV ဓာတ်အားလိုင်း ပေ ၈၄၀ နှင့် 11/ 0.4 KV၊ 200 KVA ထရန်စဖော်မာတစ်လုံးကို ဇွန် ၂၈ ရက် နံနက် ၁၁ နာရီက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ကျောက်ဆည်ခရိုင် လျှပ်စစ်အင်ဂျင်နီယာ၊ မြို့နယ် ဌာန ဆိုင်ရာတာဝန်ရှိသူများက Main Breaker နှင့် Sub Breaker များ မီးခလုတ်နှိပ်၍ လျှပ်စစ်ဓာတ်အားပို့လွှတ်ပေးခဲ့သည်။ ထိုသို့ ကူမဲမြို့၌တည်ဆောက်ပြီးစီးခဲ့သည့် 11 KV ဓာတ်အားလိုင်း ပေ ၈၄၀ နှင့် 11/ 0.4 KV၊ 200 KVA ထရန်စဖော်မာတစ်လုံးဖြင့် ဓာတ်အားသုံးစွဲသူ ပြည်သူများသို့ ဓာတ်အားပြည့်ဝစွာ ဓာတ်အားဖြန့်ဖြူးပေးနိုင်မည်ဖြစ်သည်။

အဆိုပါ အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဆန်းမြင့်၊တိုင်းဒေသကြီးလွှတ်တော် အမှတ်(၁)ကိုယ်စားလှယ် ဦးသန်းဦး၊ တိုင်းဒေသကြီးလွှတ်တော်အမှတ် (၂)ကိုယ်စားလှယ် ဒေါ်လဲ့လဲ့ဝင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းအောင်နှင့် အဖွဲ့ဝင်များ၊ ကျောက်ဆည်ခရိုင် လျှပ်စစ်အင်ဂျင်နီယာ ဦးတိုးတိုးအောင်၊ မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ တာဝန်ရှိသူများ၊ ကူမဲမြို့ လျှပ်စစ်မန်နေဂျာရုံးမှ တာဝန်ရှိသူများနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ဓါတ်ပုံ)

ဝါဝါမြင့်(မြစ်သား)

*- *- *- *- *



# မဟာမြိုင်(၁)ရပ်ကွက် ဘုံဆွမ်းလောင်းအသင်း (၈၉)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူ

**မန္တလေး ဇွန် ၂၉**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက် ဘုံဆွမ်းလောင်းအသင်း၏ (၈၉) ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူပွဲကို ပထမဝါဆိုလပြည့်နေ့ နံနက် ၄ နာရီခွဲက ၃၅လမ်းနှင့် ၆၉ လမ်းထောင့်တွင် ကျင်းပသည်။

ဘုံဆွမ်းလောင်းလှူရာတွင် လေးပြင်လေးရပ်မှ ကြွရောက်တော်မူလာကြသော သံဃာတော်နှင့် သာမဏေ အပါး ၃၅၀ ကျော်အား ဆွမ်း၊ ကြက်သားဟင်း၊ ငါးခြောက်၊ အသားတုငရုတ်သီးကြော်၊ သရက်ချဉ်သုပ်၊ ဆပ်ပြာမှုန့်ထုပ်နှင့် သံဃာတော်နှင့် သာမဏေတစ်ပါးလျှင် နဝကမ္မဝတ္ထုငွေကျပ် ၁၀၀၀ စီကို လောင်းလှူကြပြီး သင်္ကန်းဒွိစုံ ၁၇ စုံနှင့် နဝကမ္မဝတ္ထုငွေကျပ် ၁၇၀၀၀၀ တို့ကို စာရေးတံမဲဖောက်၍ ဘုံဆွမ်းလောင်းအသင်း တည်ထောင်သူ ဦးနေမင်းဦး+ဒေါ်ယုယုဇော်(ပီတိသုခမိသားစု)၊ ကိုမျိုးဝင်း+မအိအိချော(ကောင်းထက်မဟာမိသားစု၊ ကာဗာတိုင်းပြည်မိသားစုများ)၊ ဦးသာအေးနှင့် ဒေါ်တင်ရီ တို့အားရည်စူး၍ ဦးသိန်းတန်နှင့်သားသမီးမြေးတစ်စု၊ ဦးမြင့်လွင်+ဒေါ်ခင်ချိုဝင်း မိသားစု၊ ဦးစိန်စီ+ဒေါ်တွမ်ဟိုက်လန့်တို့အား အမှူးထား၍ (သား)မောင်ကျော်သက်ဦးနှင့်မောင်နှမတစ်စု၊ဦးရိမ်ပါထိုင်+ဒေါ်သွယ်သွယ်လှတို့အား ရည်စူး၍ ဦးပြည့်စုံကိုကိုနှင့် ညီအစ်ကိုမောင်နှမတစ်စု၊ ဦးဇော်ထွန်း+ဒေါ်နန်းရတနာမိုး (ပန်တော်ဦး အမျိုးသမီးအဆောင်) မိသားစု၊ ဦးကျော်ဝင်းစိန်+ဒေါ်အေးအေးဆွေ၊(သမီး)မဝင်းမာလာကျော်(တိမ်လွှာအလှပြင်ဆိုင်) မိသားစု၊ဒေါ်မေသဇင်ဦးမိသားစု၊ ဦးအောင်ဖြိုးမင်း+ဒေါ်အေးအေးစန်း(Unit Solar) မိသားစု၊ ဦးတူး+ဒေါ်အေးအေးမြင့်မိသားစု၊ ဦးအားချွန်+ဒေါ်ကျွန်းထုံးမိသားစု၊ ဦးစံသာ+ဒေါ်အုန်းစိန်တို့အား ရည်စူး၍ (Golden Key Cafe) မိသားစု၊ ဦးတင်လင်း+ ဒေါ်ဖြိုးဖြိုး၊ (သမီး) မပိုးရတီခေတ်၊ ဒေါ်နန်းမွေအားရည်စူး၍ ဦးသက်မင်းထွန်း+ဒေါ်အိသီရိမင်း၊ မောင်ဟိန်းသန့်ဇင်၊ ဦးခင်မောင်မြင့်+ဒေါ်လှရီတို့အားအမှူးထား၍ ဦးထွန်းထွန်းဝင်း+ဒေါ်စိုးစိုးစံ၊ (သား)မောင်တေဇအောင်မိသားစု၊ ရပ်ကွက်နေပြည်သူများနှင့် ဘုံဆွမ်းလောင်း အသင်းသား၊အသင်းသူများက လောင်းလှူခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(ဝ၄ဝ)

*- *- *- *- *

# VDP စီမံကိန်း ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

**ဖယ်ခုံ ဇွန် ၂၉**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောခရိုင်၊ ဖယ်ခုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးရေး VDP စီမံကိန်း ရန်ပုံ ငွေလွှဲပြောင်းပေးအပ်ပွဲကို ယမန်နေ့ နံနက်ပိုင်းက ဖူချယ်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်ရင်က အဖွင့်အမှာစကားပြောကြားပြီး ဖယ်ခုံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ဆူးက ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း VDP စီမံကိန်းနှင့်ပတ်သက်၍ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်စေလိုကြောင်း၊ စီမံကိန်းလုပ်ငန်းစဉ်များ အောင်မြင်အောင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ကျေးရွာသူ၊ကျေးရွာသားများအနေဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း VDP စီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်း VDP ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် ဖူချယ်ကျေးရွာ ကော်မတီဝင် နှစ်ဦးထံသို့ VDP စီမံကိန်း ရန်ပုံငွေကျပ် ၁၅သန်း လွှဲပြောင်းပေးအပ်ခဲ့ကြောင်း ဖယ်ခုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးက ပြောသည်။

(အောက်ပုံ)

အောင်ရဲကျော်



# ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**တောင်တွင်းကြီး ဇွန် ၂၉**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတွင် မြို့ပေါ်ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်း၍ ယမန်နေ့ နံနက် ၇ နာရီက ကျောင်းတွင်း၊ ကျောင်းပြင် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာတွင် တောင်တွင်းကြီးမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဇင်ဦးနှင့် အဖွဲ့ဝင်များက ဦးဆောင်၍ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ စုစုပေါင်းအင်အား ၂၂၀ဦးဖြင့် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းဝင်း အတွင်းရှိ ချုံနွယ်များနှင့် သစ်ကိုင်းများ ခုတ်ထွင် ရှင်းလင်းခြင်း၊ ပေါင်းမြက်များ နုတ်ခြင်း၊ ရေစီးရေလာကောင်းမွန်စေရေးနှင့် ခြင်အန္တရာယ်ကင်းရှင်းရေး ရေနုတ်မြောင်းများ တူးဖော်ရှင်းလင်းခြင်း၊စာသင်ခန်းများ အတွင်း၊ အပြင်သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် စာသင်ခုံများ စနစ်တကျ ပြန်လည်ထားရှိခြင်း၊စွန့်ပစ်အမှိုက်များ ကောက်ယူခြင်းနှင့် အမှိုက်လှည်းခြင်းလုပ်ငန်းများ စုပေါင်းဆောင်ရွက်ခဲ့ကြပြီး ထွက်ရှိလာသည့် အမှိုက်များအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မော်တော်ယာဉ်ဖြင့် စနစ်တကျ စွန့်ပစ်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

နောင်နောင်(မိုးသနိုးမြေ)



# သမဝါယမအသင်းသားတောင်သူများအား မျိုးနှင့် သွင်းအားစုများ ပေးအပ်

**ပွင့်ဖြူ ဇွန် ၂၉**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်တွင် (၁၀၄)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နိုင်ငံတော်ထောက်ပံ့ငွေ လူမှုစီးပွားမြှင့်တင်ရေး(သက်တန့်ရောင်)စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် စနစ်ကျသော စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် သမဝါယမအသင်းသားများအား မျိုးနှင့် သွင်းအားစုပေးအပ်ပွဲကို ယမန်နေ့က ပွင့်ဖြူမြို့နယ်၊ လက်ပန္နယ်ကျေးရွာ ရွှေနွယ်မြေလယ်/ထွေသမဝါယမအသင်းဥက္ကဋ္ဌနေအိမ်၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးဝင်းက စီမံကိန်းနှင့် ပတ်သက်သည့်လုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သဇင်ဦးက မျိုးနှင့် သွင်းအားစုများ ပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက လက်ပန္နယ်ကျေးရွာ ရွှေနွယ်မြေလယ်/ထွေသမဝါယမအသင်းမှ အသင်းသား ၂၁ ဦးကို တစ်ဧကလျှင် ငွေကျပ် ၃၀၄၅၀၀ နှုန်းဖြင့် မိုးစပါးစိုက်ဧက ၆၅ ဧကအတွက် စုစုပေါင်း ပံ့ပိုးငွေကျပ် ၁၉၇ ဒသမ ၉၂၅ သိန်းနှင့် ညီမျှသော မျိုးနှင့်သွင်းအားစုများကို ပေးအပ်ခဲ့သည်။

အဆိုပါ အခမ်းအနားသို့ မကွေးတိုင်းဒေသကြီးသမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး၊ ပွင့်ဖြူမြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့်ဝန်ထမ်းများ၊ လက်ပန္နယ်ကျေးရွာရှိ ရွှေနွယ်မြေလယ်/ထွေသမဝါယမအသင်းဥက္ကဋ္ဌနှင့် အသင်းသားတောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ (၄၄၅)

# ဝေရောစန ကမ္ဘာ့ပထမဦးဆုံး ကျောက်စိမ်းစေတီတော်မြတ်ကြီး

**ကျောက်စိမ်းစေတီတော်မြတ်ကြီး၏ ဘွဲ့တော်နှင့်အဓိပ္ပာယ်**

ရွှေသုဝဏ်ဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသဒ္ဓိယက 'ဝေရောစနကျောက်စိမ်း စေတီတော်မြတ်ကြီး'ဟု ဘွဲ့တော်ဆက်ကပ်ထားပါသည်။ မြန်မာနိုင်ငံသူ၊ မြန်မာနိုင်ငံသားများနှင့် ကမ္ဘာသူ၊ ကမ္ဘာသား ပူဇော်သူအားလုံးအား ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံစေလျက် အေးချမ်းသာယာမှုကို ခံစားနိုင်စေရန် ရည်မှန်း၍ တည်ထားသည်ဖြစ်ရာ ဘွဲ့တော်အရ အထွေထွေအပြားပြားသော ကိုးကွယ်ဆည်းကပ်သူ အပေါင်းတို့သည် အရာရာတိုးတက်ခြင်း၊ တောက်ပခြင်း၊ ထွန်းတောက်ခြင်း၊ ဂုဏ်သတင်းကျော်ကြားပြည့်စုံခြင်း၊ ချမ်းသာကြွယ်ဝခြင်း၊ ဘေးအန္တရာယ်ကင်းရှင်းခြင်း၊ လိုတိုင်း၊ တတိုင်းပြည့်စုံခြင်း စသည့် ဂုဏ်ကျေးဇူးများကို ရရှိစေနိုင်မည်ဖြစ်ပါသည်။

**ကျောက်စိမ်းစေတီတော်မြတ်ကြီး တည်ထားသည့်နေရာ**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ဆင်ရွာ-မြင်းမူးကျေးရွာအုပ်စု၊ ကွင်းအမှတ်(၆၂၈)၊ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ မိုင်တိုင်(၃၆၁)အနောက်ဘက်၊ ပေ ၆၀၀ ခန့်နှင့် စစ်ကိုင်း-မြစ်ငယ်ကားလမ်း၏ မိုင်တိုင်(၄/၇)၊ တောင်ဘက်ပေ ၁၀၀၀ ခန့်တွင် တည်ရှိပါသည်။ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးအထက် ကိုးပေမြင့်ပြီး ငါးဧကအကျယ်အဝန်းရှိသော ကုန်းမြေပေါ်တွင် တည်ထားခြင်းဖြစ်ရာ ရင်ပြင်တော်အကျယ်အဝန်းမှာ အလျား ၁၃၃ ပေ ခြောက်လက်မနှင့် အနံ ၁၃၃ ပေ ခြောက်လက်မ ရှိပါသည်။

**ကျောက်စိမ်းစေတီတော်မြတ်ကြီး တည်ထားရခြင်းရည်ရွယ်ချက်များ**

ဘာသာပေါင်းစုံရှိသည့်အနက် ဗုဒ္ဓဘာသာသည် အခိုင်မာဆုံးနှင့် အမြတ်ဆုံးဟု ကမ္ဘာ့ဘာသာပေါင်းစုံညီလာခံမှ ဆုံးဖြတ်ကြပါသည်။ မေတ္တာတရားကို အခြေခံသောကြောင့် မေတ္တာကို အရင်းခံ၍ သာသနာပြုခဲ့ကြသော အရိယာပုဂ္ဂိုလ်များသည် လူသားများဖြစ်ကြသဖြင့် တစ်နေ့ကျလျှင် ကွယ်ပျောက်ကုန်ကြမည်။ ဥပမာ အရိယာပုဂ္ဂိုလ်များမှစ၍ အိန္ဒိယနိုင်ငံ အသောကမင်းကြီးတို့အထိ ဥရောပတိုက်၊ အာရှတိုက်နိုင်ငံများသည် ဗုဒ္ဓဘာသာနိုင်ငံများဖြစ်ခဲ့ပြီး သာသနာပြုခဲ့ကြသည်။ ၎င်းတို့ကွယ်လွန်သောအခါ ယင်းကဲ့သို့ အစိုးရမင်းများ မပေါ်ပေါက်ခဲ့၍ သာသနာကွယ်ပျောက်ခဲ့ပါသည်။ ယခုခေတ်တွင်လည်း ဥပမာ လယ်တီဆရာတော်၊ မဟာစည်ဆရာတော်၊ မိုးကုတ်ဆရာတော်တို့ မရှိကြတော့ချေ။

ယနေ့အချိန်ဆိုလျှင် ကမ္ဘာအနှံ့သို့ သာသနာပြုလျက်ရှိသော သီတဂူဆရာတော်ကဲ့သို့ ပုဂ္ဂိုလ်များ မရှိတော်မူခဲ့လျှင် နောက်ထပ် သာသနာပြုရန် ရဟန်းသံဃာပေါ်ပေါက်ဖို့ ခဲယဉ်းလှပါသည်။ ထို့ကြောင့် ဘာသာ၊ သာသနာအရေး မမေးမှိန်စေရန် နောင်တွင် အရေးကြီးလှပါသည်။ ရုပ်ဝတ္ထုများအနေဖြင့် ဗုဒ္ဓဘာသာ သာသနာတော်သည် ဗုဒ္ဓသာသနိကအဆောက်အအုံ၊ စေတီပုထိုးများ ယနေ့မရှိခဲ့လျှင် အထက်ဖော်ပြပါသကဲ့သို့ ဆရာတော်ကြီးများ၊ အရိယာပုဂ္ဂိုလ်များကဲ့သို့ ကွယ်ပျောက်ခဲ့လျှင် ကျွန်တော်တို့အနေဖြင့် လက်တွေ့ဘာကို အထောက်အထားပြနိုင်ကြပါမည်နည်း။

ထိုနည်းတူစွာ နောင်တွင်လည်း ဘာသာရေးအဆောက်အအုံများမရှိခဲ့လျှင် ဗုဒ္ဓဘာသာသည် မေးမှိန်နိုင်ပါသဖြင့် 'ဝေရောစန' ကျောက်စိမ်းစေတီတော်မြတ်ကြီးကဲ့သို့ တန်ခိုးကြီးမားသည့် စေတီတော်များ ခိုင်မာစွာတည်ထားခဲ့ရန် လိုအပ်ပါသည်။

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် အရည်အသွေးအကောင်းဆုံး ကျောက်စိမ်းထွက်ရှိရာ နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ ကျောက်စိမ်းဆိုသည်မှာ ရတနာကိုးပါးအနက် တစ်ပါး အပါအဝင်ဖြစ်ပြီး သဘာဝ သယံဇာတပစ္စည်းဖြစ်သောကြောင့် နောင်တစ်ချိန်တွင် ကွယ်ပျောက်နိုင်ခြေရှိပါသည်။

'ဝေရောစန' ကမ္ဘာ့ပထမဦးဆုံး ကျောက်စိမ်းစေတီတော်မြတ်ကြီးကို ကမ္ဘာ့ဂရင်းနစ်စံချိန်မှတ်တမ်းဝင်သည်အထိ ရည်မှန်းထားသည်ဖြစ်ရာ ပြည်တွင်း၌ရှိသော နိုင်ငံတကာ ခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေနိုင်မည်ဖြစ်ပါသည်။ အကယ်၍ ကျောက်စိမ်းသယံဇာတ ကုန်ဆုံးသွားချိန် ရောက်ရှိပါက မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် အရည်အသွေးအကောင်းဆုံး ကျောက်စိမ်းများထွက်ရှိရာ နိုင်ငံဖြစ်သည်ဆိုသည့်အချက်ကို ကျောက်စိမ်းစေတီတော်မြတ်ကြီးကသာ အခိုင်အမာရည်ညွှန်းပြသပေးနိုင်မည်ဖြစ်ပါသည်။ ယခုကဲ့သို့ ကျောက်စိမ်းစေတီတော်မြတ်ကြီးသည် ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံမှလွဲ၍ တခြားမည်သည့်နိုင်ငံများတွင်မှ ထပ်မံတည်ထားရန် မဖြစ်နိုင်သော ထူးခြားသည့် စေတီတော်ကြီးဖြစ်ပါသည်။

**စတင်တည်ထားသည့် ခုနှစ်**

မဟာမင်္ဂလာ(၁)အဖြစ် မြေသန့်မင်္ဂလာအခမ်းအနားကို (၂၁-၁၂-၂၀၁၂)ခုနှစ်တွင်လည်းကောင်း၊ မဟာမင်္ဂလာ(၂)အဖြစ် ပန္နက်တော်တင်နှင့် တွင်းတော်ဝန်းမင်္ဂလာအခမ်းအနားကို (၂၁-၁၂-၂၀၁၂)ခုနှစ်တွင်လည်းကောင်း ကျင်းပပြုလုပ်ခဲ့ပါသည်။

**စေတီတော်မြတ်ကြီး၏ အတိုင်းအတာများ**

ထီးတော်မပါ ဉာဏ်တော်အမြင့် ၇၅ ပေ ခြောက်လက်မ၊ လုံးပတ်တော် ၁၇၆ ပေ၊ ပန်းတင်ခုံမှာ အလျား ၅၂ ပေ ခြောက်လက်မ၊ အနံ ၅၂ ပေ ခြောက်လက်မနှင့် အမြင့် ၁၂ ပေ၊ ထီးတော်အမြင့် ခုနစ်ပေ၊ ငှက်ပျောဖူးအမြင့် ရှစ်ပေ ခြောက်လက်မ အသီးသီးရှိပါသည်။ မုခ်တင်ခုံအတွင်းမှာရှိသော မုခ်ဦး လေးမုခ်၌ ပူဇော်ကိုးကွယ်ထားရှိသော ကျောက်စိမ်းရုပ်ပွားတော်မှာ ဉာဏ်တော် ၃၁ လက်မ၊ တောင်ဘက်မုခ်ဦးမှာရှိသော ရုပ်ပွားတော်မှာ ဉာဏ်တော် ၄၉ လက်မခွဲနှင့် မြောက်ဘက်မုခ်ဦးမှာရှိသော ရုပ်ပွားတော်မှာ ဉာဏ်တော် ၅၀ လက်မခွဲ အသီးသီးဖြစ်ပါသည်။

**စေတီတော်မြတ်ကြီး၏ ပုံသဏ္ဌာန်တော်**

မုခ်ဦးလေးမုခ် အပါအဝင် လှေကားလေးဖက်၊ မကန်းသရက်ကင်းများ၊ စိန်တောင်များနှင့် စေတီတော်တစ်ဆူလုံးအား ကျောက်စိမ်းမြန်မာမှုအနုပညာလက်ရာများနှင့်အတူ ဖန်တီးပေါင်းစပ်ထားခြင်းဖြစ်ပါသည်။ မြန်မာမှုအနုပညာပိုင်းအတွက် အေးအေးခိုင် ကျောက်မျက်ကုမ္ပဏီမှ ကျောက်စိမ်း မြန်မာမှုအနုပညာရှင်များက တာဝန်ယူကာ ဆောင်ရွက်ထားခြင်းဖြစ်ပြီး စေတီတော်တွင် နှစ်လက်မပတ်လည် အရွယ်အစားရှိသော ကျောက်စိမ်းဆင်းတုတော်ပေါင်း သုံးသောင်းကို ကပ်လှူပူဇော်ထားပါသည်။ ထို့အပြင် စေတီတော်မုခ်ဦး လေးမုခ်မှာရှိသော တံကဲဥယျာဉ်(ခေါ်)ဉကင်တော်ဥယျာဉ်တို့မှာရှိသော၊ ဒုရင်ဗိမာန်တွင်ရှိသော မြတ်ဗုဒ္ဓ၏ ဖွားမြင်တော်မူခန်း၊ ပွင့်တော်မူခန်း၊ ဓမ္မစကြာတရားဦးဟောတော်မူခန်းနှင့် ပရိနိဗ္ဗာန်စံတော်မူခန်း၊ ရုပ်ပုံတော်မြတ်များ၊ စေတီတော်ပတ်လည်တွင် ပါရမီတော် ၁၀ ပါး ကျောက်စိမ်းစာလုံးများ ပန်းတင်ခုံနံရံအထက်တွင် အောင်ခြင်းရှစ်ပါးအောင်တော်မူခန်းများ၊ ဇာတ်တော်ကြီး ၁၀ ဘွဲ့ အစရှိသော ကျောက်စိမ်းပန်းချီကားတော်များကို ထည့်သွင်းပူဇော်ထားပါသည်။ ထို့အတူ အရှေ့ဘက် အထက်ပစ္စယံတို့တွင် ကျောက်စိမ်းဆင်းတုတော် တစ်ဆူတို့ကိုလည်းကောင်း၊ ပထမပစ္စယံ၊ ဒုတိယပစ္စယံ၊ တတိယပစ္စယံတို့တွင် ဗောဓိညောင်ပင်နှင့် ဘူမိဒသမုဒြာဗုဒ္ဓရုပ်ပွားတော်၊ ဈာနမုဒြာဗုဒ္ဓရုပ်ပွားတော်၊ သန္တိဒမုဒြာဗုဒ္ဓရုပ်ပွားတော်၊ အဘယမုဒြာဗုဒ္ဓရုပ်ပွားတော်၊ ဓိတတ္တရဟတ္တမုဒြာရုပ်ပွားတော်တို့ကိုလည်းကောင်း မုခ်ဦး လေးမုခ်တံကဲ ဝဲ၊ ယာတွင် မဟာဗောဓိညောင်ပင်ပုံသဏ္ဌာန် ကျောက်စိမ်းရုပ်ပုံတော်တို့ကိုလည်းကောင်း အသီးသီးပုံဖော်ပူဇော်ထားရှိပါသည်။

**စေတီတော်မြတ်ကြီး တည်ထားပုံနည်းစနစ်**

ကမ္ဘာတည်သရွေ့ ကျောက်စိမ်းစေတီတော်မြတ်ကြီး တည်ရှိနေရေးအတွက် ရည်ရွယ်ကာ ငလျင်ဒဏ်ရစ်ချ်တာစကေး ၆ ဒသမ ၅၉နှင့် လေဒဏ်ကို ခံနိုင်ရည်ရှိစေရန် ကမ္ဘာ့နောက်ဆုံးပေါ် တည်ဆောက်ရေးစနစ်ဖြစ်သည့် ဘိုးပိုင်စနစ်နှင့်အတူ သံကူကွန်ကရစ် အဆင့်မြင့်သံမဏိစေတီများနှင့် အမာခံရယူတည်ဆောက်ခြင်းဖြစ်ပါသည်။

စေတီတော်တည်ထားမှုတွင် ကျောက်စိမ်းအရိုင်းတုံးများနှင့် အုတ်တစ်ချပ်မျှ ပါဝင်ခြင်းမရှိဘဲ အလှူရှင်ကိုယ်တိုင် နှစ်ပေါင်း ၂၅ နှစ်ကျော်တိုင်အောင် အမြတ်တနိုးစုဆောင်းထားရှိခဲ့ပြီး နိုင်ငံတကာ ကျောက်စိမ်းဈေးကွက်ဝင် အရည်အသွေးကောင်းမွန်သည့် အေ၊ ဘီ၊ စီ၊ ဒီအဆင့်ရှိသော ကျောက်စိမ်းစုစုပေါင်း တန်ချိန် တစ်ထောင်ကျော်ကို အသုံးပြုထားခြင်းဖြစ်ပါသည်။

ကျောက်စိမ်းအသားကျောက်တန်ချိန် ၈၅၀ အား ဌာပနာထည့်သွင်းထားပြီး ငှက်ပျောဖူးတော်တွင် အေအဆင့်ရှိသော အရည်ကျောက်စိမ်းများဖြင့်သာ ပူဇော်ထားရှိခြင်းဖြစ်သည့်အပြင် စိန်ဖူးတော်ကြီးမှာလည်း ကျောက်စိမ်းဖြင့်သာ ပြုလုပ်ထားသည့် စိန်ဖူးတော်ကြီးဖြစ်ပါသည်။

ကျောက်စိမ်းစေတီတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ကြည်ညိုကြသူများ၊ အပန်းဖြေနားနေနိုင်ရန်အတွက် စေတီပတ်လည်တွင် ဥယျာဉ်သဖွယ် ဖန်တီးထားပါသည်။ သစ်ပင်ပန်းမန်များဖြင့်သာ အလှဆင်ကာ စိုက်ပျိုးထားရှိပါသည်။ ကျောက်စိမ်းမြတ်စွာဘုရား၏ ခြေတော်ရာ၊ ကျောက်စိမ်းရေကန်နှင့် သနပ်ခါးကျောက်ပြင်ကြီးလည်း ရှိပါသည်။ ကျောက်စိမ်းစေတီတော်ကြီးပတ်လည်တွင် လိုအပ်သော ကြည်နူးဖွယ်ရာမြေပြင်ရှုခင်း ဒီဇိုင်းကိုလည်း အလှူရှင်ကိုယ်တိုင် ရေးဆွဲထားခြင်းဖြစ်သည်။ စေတီတော်မြတ်ကြီး၏အနီးတွင် မုစလိန္ဒာရေကန်တော်ကို တည်ဆောက်ထားပါသည်။ ကန်အလယ်၌ နဂါးရုံဘုရားတစ်ဆူ စံပယ်သီတင်းသုံးနေပါသည်။ နဂါးရုံဘုရား ဝဲ၊ ယာတွင် ရှင်သီဝလိရဟန္တာမထေရ်မြတ်နှင့် ရှင်ဥပဂုတ္တမထေရ်မြတ်တို့လည်း သီတင်းသုံးနေကြပါသည်။ ထိုနဂါးရုံဘုရားနှင့် ရဟန္တာများကို ကြည်ညိုပူဇော်ကန်တော့ရန် သံကူကွန်ကရစ်တံတားများ၊ ပတ်လမ်းများ စီစဉ်ထားပါသည်။

မြန်မာလူမျိုးတို့၏ မြန်မာ့ရိုးရာဆယ့်နှစ်လရာသီပွဲတော်များသည် ရှေးရှေးက မြေရှင်ပဒေသရာဇ်ခေတ်မှစတင်၍ ဘုရင်နှင့်တကွ တိုင်းသူပြည်သားများက နေပြည်တော်မှစ၍ ကျေးလက်တောရွာများအထိ ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်ခဲ့ကြပါသည်။ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ဖြစ်ကြသည်။

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ဆင်ရွာ-မြင်းမူးကျေးရွာတွင် တည်ထားကိုးကွယ်တော်မူသော 'ဝေရောစန' ကမ္ဘာ့ပထမဦးဆုံး ကျောက်စိမ်းစေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်းတွင် ဆယ့်နှစ်လရာသီ ကျင်းပကြသည့် ပွဲတော်တိုင်းမှာ ပြည်တွင်းဘုရားဖူးများနှင့် ပြည်ပနိုင်ငံတကာ ခရီးသွားများနှင့် နေ့စဉ်နေ့တိုင်း စည်ကားလျက်ရှိပါသည်။

ကျောက်စိမ်းစေတီတော်မြတ်ကြီးမှာ တန်ခူးလအတာသင်္ကြန်ပွဲတော် သင်္ကြန်အကြိုနေ့၊ သင်္ကြန်အကျနေ့၊ သင်္ကြန်အကြတ်နေ့၊ သင်္ကြန်အတက်နေ့များမှာ ရေပက်ခံကားများနှင့် လာရောက်ကာ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးသူများ စည်ကားလှပါသည်။ မြန်မာ့နှစ်ဆန်း တစ်ရက်နေ့တွင် ဘုရားရေသပ္ပာယ်ကြသူများနှင့် အလှူဒါနကုသိုလ်ပြုကြသူများကလည်း အထူးစည်ကားလှပါသည်။

ကဆုန်လဆန်း ၁၄ ရက်၊ ၁၅ ရက်များတွင် ကျောက်စိမ်းစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်းမှာရှိသော မဟာဗောဓိညောင်ပင်ကို ကျောက်စိမ်းဘုရားနယ်မြေခံကျေးရွာများမှ ဘုရားလူကြီးများနှင့် လူငယ်အမျိုးသား၊ လူငယ်အမျိုးသမီးများက မဟာဗောဓိညောင်ပင်ကို လှည့်ပတ်ကာ ညောင်ရေသွန်းလောင်းကြပါသည်။ ခေတ်ပေါ်မြန်မာသံစဉ်တီးဝိုင်းများဖြင့် ဆိုကြ၊ တီးကြ၊ ကခုန်ကြကာ ညောင်ရေသွန်းလောင်းသည့်ပွဲတော်ကို နွှဲပျော်ကြပါသည်။

ဝါဆိုလ၊ ဝါဆိုလပြည့်နေ့တွင် ကျောက်စိမ်းစေတီတော်မြတ်ကြီးမှာ ဘုရားဒါယကာကြီးနှင့် မိသားစုများ၊ ဘုရားဂေါပကအဖွဲ့နှင့် ဝန်ထမ်းများက နှစ်စဉ်မပျက် ဆရာတော်ကြီးများကို ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲများ ကျင်းပကြပါသည်။

သီတင်းကျွတ်လ၊ သီတင်းကျွတ်လပြည့်နေ့ည၌ ကျောက်စိမ်းစေတီတော်မြတ်ကြီးမှာ ဘုရားဒါယကာကြီးမိသားစု၊ ဘုရားဂေါပကအဖွဲ့နှင့် ဝန်ထမ်းများက ဆီမီး ၉၀၀၀ ပူဇော်ပွဲ ကျင်းပကာ ပူဇော်ကန်တော့ကြပါသည်။

တပို့တွဲလ၊ တပို့တွဲလပြည့်နေ့တွင် ကျောက်စိမ်းစေတီတော်မြတ်ကြီးမှာ စုပေါင်းဆင်နွှဲထမနဲပွဲ ကျင်းပကြပါသည်။ ဘုရားဂေါပကအဖွဲ့နှင့် နယ်မြေခံဘုရားလူကြီးများက မြန်မာနိုင်ငံ တစ်နံတစ်လျားမှ ဘုရားဖူးလာရောက်သူများကို စတုဒိသာအာဟာရဒါန ထမနဲများဖြင့် ကျွေးမွေးဧည့်ခံပါသည်။

တပေါင်းလ၊ တပေါင်းလပြည့်နေ့တွင် ကျောက်စိမ်းစေတီတော်မြတ်ကြီးတွင် ဘုရားဒါယကာကြီးနှင့်မိသားစု၊ ဘုရားဂေါပကအဖွဲ့ နယ်မြေခံကျေးရွာများမှ ဘုရားလူကြီးများ၊ စေတနာရှင်၊ အလှူရှင်များ စုပေါင်းလောင်းလှူကြသော သံဃဒါန ဆွမ်းတော်ကြီးလောင်းလှူပွဲများလည်း ကျင်းပကြပါသည်။

ကျောက်စိမ်းစေတီတော်မြတ်ကြီးကို တန်ဖိုးကြီးမားသော အရည်အသွေးမီ ကျောက်စိမ်းရတနာများ၏ တန်ဖိုးငွေကျပ်သိန်းပေါင်း ၃၃၄၆၁၉ ဒသမ ဝ၃ သတ်မှတ်ကာ ကပ်လှူပူဇော်တည်ထားကိုးကွယ်ထားပါသည်။ ကျောက်စိမ်းစေတီတော်မြတ်ကြီးကို အလှူဒါနကောင်းမှုကုသိုလ်ပြုရန် လာရောက်ဖူးမြော်ကြည်ညိုကြသူများသည် စေတနာသဒ္ဓါတရားများ တဖွားဖွားပေါ်ပေါက်လာပါသည်။ ထေရဝါဒဗုဒ္ဓဘာသာအပေါ် သက်ဝင်ယုံကြည်မှုများ ပိုမိုဖြစ်ပေါ်စေခြင်းနှင့် ဗုဒ္ဓသာသနာတော်ပြန့်ပွားရေးအတွက် ကြီးမားသော အထောက်အပံ့ဖြစ်စေနိုင်ပါသည်။

ထို့ကြောင့် 'ဝေရောစန' ကမ္ဘာ့ပထမဦးဆုံးကျောက်စိမ်းစေတီတော်မြတ်ကြီးသည် မြန်မာနိုင်ငံတွင်သာ တည်ရှိရမည်ဟူသော ရည်ရွယ်ချက်ဖြင့် တည်ထားကိုးကွယ်ခြင်းဖြစ်သောကြောင့် နိုင်ငံတော်အတွက် ဂုဏ်ယူဝင့်ကြွားဖွယ်ရာ မြန်မာ့သမိုင်းဝင် အထင်ကရ ပြယုဂ်တစ်ခုဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**မိုးထက်ကို(အမရပူရ)**

# စာအုပ်စင်ကဏ္ဍ

ဖော်ညွှန်းသီ

| | |
|---|---|
| စာအုပ်အမည် | - အရှိန်လျှော့ကြည့်မှ မြင်ရမည့်အရာများ |
| စာရေးသူ | - ဇေရတု(မြန်မာပြန်) |
| ထုတ်ဝေသည့်စာပေတိုက် | - ဂျူတီ စာပေ |
| စာမျက်နှာ | - ၁၃၆ မျက်နှာ |
| တန်ဖိုး | - ၆၅၀၀ ကျပ် |
| ထုတ်ဝေသည့်ကာလ | - ၂၀၂၆ ခုနှစ်၊ ငွေနှင့်လ |




တောင်ကိုရီးယား ဇင်ဗုဒ္ဓဘာသာ ဘုန်းတော်ကြီး ဟီမင်းဆူနင်မ်(Haemin Sunim) ရေးသားသည့် ငြိမ်းအေးစွာ ဘဝနေထိုင်နည်းစာစုကို မြန်မာပြန်ဆိုထားသည့် စာအုပ်ဖြစ်သည်။

စာအုပ်တွင် အနားယူခြင်း၊ သတိနှင့်နေခြင်း၊ ထက်သန်ပြင်းပြခြင်း၊ ဆက်ဆံရေး၊ ချစ်ခြင်းမေတ္တာ၊ ဘဝနှင့်အနာဂတ် ခေါင်းစဉ်တို့ဖြင့် ရေးသားထားသည်။ ချစ်ခြင်းမေတ္တာ၊ ခင်မင်ရင်းနှီးမှုတို့မှ အစပြုပြီး အလုပ်ရည်မှန်းချက်တို့အထိ ဘဝ၏ကဏ္ဍအမျိုးမျိုးကို ပြုပြင်နေထိုင်သွားရမည့် အောင်မြင်မှုလမ်းညွှန် စာအုပ်လည်း ဖြစ်သည်။

စာအုပ်ကို ဝတ္ထုဖတ်သလို မြန်မြန်ဖတ်ရှုနိုင်သည့်အပြင် အခန်းတစ်ခန်းစီကို ဖြည်းဖြည်းချင်း ဖတ်ရှုကာ မှတ်သားဖွယ်စာစုများကို မှတ်စုထုတ် သိမ်းဆည်းထားပါက များစွာအကျိုးပြုမည့် စာအုပ်ဖြစ်ရာ မန္တလေး စာအုပ်အရောင်းဆိုင်များနှင့် စိတ်ကူးချိုချို(မန္တလေး) စာအုပ်ဆိုင်တွင် ဝယ်ယူအားပေးဖတ်ရှုနိုင်သည်။

| | |
|---|---|
| စာအုပ်အမည် | - မြန်မာမင်းများလက်ထက် သာသနာပိုင်ဆရာတော်များ |
| စာရေးသူ | - သန်းထွန်း(လှည်းကူး) |
| ထုတ်ဝေသည့်စာပေတိုက် | - စာစည်းစိမ် စာပေ |
| စာမျက်နှာ | - ၁၈၂ မျက်နှာ |
| တန်ဖိုး | - ၇၀၀၀ ကျပ် |
| ထုတ်ဝေသည့်ကာလ | - ၂၀၂၆ ခုနှစ်၊ မေလ (ဒုတိယအကြိမ်) |

အပိုင်း(၃)ပိုင်းခွဲ၍ ထုတ်ဝေထားသော သာသနာပိုင် ဆရာတော်များ၏ ထေရုပ္ပတ္တိများကို ဖတ်ရှုကြည့်ညိုရမည့် ဘာသာရေး သုတေသနစာအုပ်ဖြစ်သည်။

အပိုင်း(၁)တွင် သာသနာဟူသည်ကား၊ သာသနာ(၅၀၀၀)၊ ဘုရားရှင်လက်ထက်ဘွဲ့တံဆိပ်တော်တို့ ပါရှိသည်။ အပိုင်း(၂)တွင် ရှေးဦးမဆွ သံဃရာဇာ၊ သံဃရာဇာ သာသနာပိုင်များ၊ သာသနာပိုင် ဆရာတော် ၃၁ ပါး တိတိ ဖော်ပြရေးသားထားသည်။ အပိုင်း(၃)တွင် ခေတ်အဆက်ဆက်မှ ကျမ်းပြုအထင်ကရဆရာတော်ကြီးများ၊ ကျမ်းပြုအကျော်ဆရာတော်ကြီးပေါင်း ၄၄ ပါး ဖော်ပြပါရှိသည်။




ဤစာအုပ်ဖတ်ရှုရခြင်းဖြင့် မြန်မာနိုင်ငံ၏ ရှေးမြန်မာမင်းများလက်ထက် သာသနာပိုင်ဆရာတော်များ၏အကြောင်းကို ဗဟုသုတရဖွယ်၊ စိတ်ဝင်စားဖွယ် ဖတ်ရှုရမည်ဖြစ်ရာ မန္တလေး စာအုပ်အရောင်းဆိုင်များနှင့် စိတ်ကူးချိုချို(မန္တလေး) စာအုပ်ဆိုင်တွင် ဝယ်ယူအားပေး ဖတ်ရှုနိုင်သည်။

## မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် အလွတ်တန်း စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲ ကျင်းပ

**မန္တလေး ဇွန် ၂၉**

ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် အလွတ်တန်းစာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲများကို ဇွန် ၂၈ နှင့် ၂၉ ရက်က မုံရွာခရိုင် လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမတွင် ကျင်းပသည်။

ပြိုင်ပွဲများကို စစ်ကိုင်းတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ "မြန်မာအမျိုးသမီးများ ဘဝဖွံ့ဖြိုးတိုးတက်ရေး အားလုံးပူးပေါင်းပါဝင်ပေး" ခေါင်းစဉ်ဖြင့် ကျင်းပခြင်းဖြစ်သည်။

အလွတ်တန်း စာစီစာကုံးပြိုင်ပွဲသို့ ပြိုင်ပွဲဝင် ၂၄ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး အလွတ်တန်း ပန်းချီပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ရှစ်ဦးဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

(၃၉၄)

## ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်း ကျင်းပ

**မတ္တရာ ဇွန် ၂၉**

မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ဇွန် ၂၈ ရက် နံနက် ၁၁ နာရီက ဝက်ခဲကျေးရွာအုပ်စု၊ ဘုရားဖြူကျေးရွာ ဓမ္မာရုံ၌ ကျင်းပခဲ့သည်။**(အောက်ယာပုံ)**

ရှေးဦးစွာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးနန်းဝင်းထွေးက အဖွင့်အမှာစကား ပြောကြားခဲ့သည်။ ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မေသူမြင့်က ပြည်သူ့စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်း ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်အောင်ထွန်း၊ မြို့နယ်ပညာရေးမှူး ဒေါ်အိအိခင်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးနွယ်၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာသန်းထွန်းဦး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သီဟစိုး၊ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြတ်သီတာနှင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲထက်အောင်တို့က မိမိတို့ဌာနအလိုက် ဆောင်ရွက်နေသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ရှင်းလင်းဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသည့် ဒေသခံပြည်သူများက မိမိတို့ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ ဌာနဆိုင်ရာတာဝန်ရှိသူများက ပြည်သူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြောင်း သိရသည်။ **စိုးကျော်သူထွေး**






ဖတ်စရာ၊ မှတ်စရာ စုံလင် မန္တလေး

## လ, ဝါဆိုကား အလွန်ထူးခြား

●●●●●●●●●●●●●●●●●●●

* ပဉ္စင်းခံ အလှူတော်ပွဲ
ဆင်ယင်နွှဲ လ, ဝါဆို ။
ကရကဋ်, ရယ် ရာသီကား
ထူးခြားထိုထို ။
ပုန်းညက်ပန်း ပွင့်လန်းပို
ခူးဆွတ်လို တို့အပေါင်း ။
ပြုဗ္ဗာသာဠ် စန်းယှဉ်နက္ခတ်လို့
သိမှတ်စေကြောင်း ။

* ဗျိုင်းတာရာ စာစီလောင်း
အမြဲကိန်းအောင်း ရင်ထဲဝယ် ။
ရာသီရုပ်, ဆို ပုစွန်လုံး
သီကုံးမှတ်ဖွယ် ။
ဝါဆို, လ အလှဖြာတယ်
ကဗျာခြယ် ထုဆစ်ထား ။
မိုးစက်ပွင့်တွေ မြေမှာ ခလို့
အေးမြစေသား ။

* သန္တေယျူကာ တောထွက်သွား
နှုတ်မြွက်ကြား ဓမ္မစက္က ။
လ, ဝါဆို လပြည့်နေ့
မမေ့ကြစေ ။
ထူးခြားသော ရက်မြတ်ပေ
ဂုဏ်အင်တွေ အလွန်များပြား ။
သုံးလူ့ရှင် မြတ်ခေါင်မှူးသို့
(မှန်းဆလျက်ကွယ်)
ကြည်နူးဝပ်တွား ။ ။

ဇေကျမ်းရွာကျောင်းအိုသား

❖ နိုင်ငံတော် ရှေ့သို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၆) သင်တန်းဖွင့်ပွဲများ တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပ

နေပြည်တော် ဇွန် ၂၉

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၆)တွင် ပါဝင်တက်ရောက်ကြမည့် အရည်အချင်းကိုက်ညီသူ နိုင်ငံ့သားကောင်းများသည် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်နယ်မြေများရှိသင်တန်းကျောင်းအသီးသီးသို့ ရောက်ရှိ၍ လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြပြီး ယနေ့နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်းအသီးသီး၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၆) သင်တန်းဖွင့်ပွဲများ ပြုလုပ်ကြရာ သင်တန်းကျောင်းများအလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဖွင့်အမှာစကားများ ပြောကြားကြသည်။

အဆိုပါ သင်တန်းဖွင့်ပွဲများသို့ တိုင်းစစ်ဌာနချုပ်အသီးသီးရှိ တိုင်းမှူးများနှင့် တာဝန်ရှိသူများတက်ရောက်၍ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၆)မှ သင်တန်းသားများအား တွေ့ဆုံကာ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေ၊ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများပေးအပ်ကြပြီး သင်တန်းသားများအား လိုက်လံနှုတ်ဆက်အားပေးခဲ့ကြသည်။

စာမျက်နှာ ၉ သို့ ■



ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၆) သင်တန်းဖွင့်ပွဲ ကျင်းပစဉ်။




ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် တရားမဝင် အဆောက်အအုံများအား ဖောက်ခွဲဖျက်ဆီးမှုကို တွေ့ရစဉ်။




ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှု လုပ်ကိုင်ခဲ့သည့် တရားမဝင် ခုနစ်ထပ် လူနေအဆောက်အအုံအား ယမ်းဖြင့် ဖောက်ခွဲဖျက်ဆီးပြီးမှုကို တွေ့ရစဉ်။

# ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် ခုနစ်ထပ် လူနေအဆောက်အအုံ တစ်လုံးအား စနစ်တကျ ထပ်မံဖောက်ခွဲဖြိုချဖျက်ဆီး၊ တရားမဝင်လူနေအဆောက်အအုံ ၆၆ လုံး ဖြိုချဖျက်ဆီးပြီးဖြစ်

နေပြည်တော် ဇွန် ၂၉

အွန်လိုင်း လိမ်လည် လောင်းကစားမှုများကို အခြေချလုပ်ကိုင်ခဲ့ကြသည့် ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင် အဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများနှင့် လုပ်ငန်းလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများအား စနစ်တကျဖျက်ဆီးခြင်းများကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် ခုနစ်ထပ် လူနေအဆောက်အအုံ တစ်လုံးကို ထပ်မံ၍ စနစ်တကျ ဖောက်ခွဲဖြိုချဖျက်ဆီးခဲ့ကြောင်း သိရသည်။

ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲ၍ ဖျက်ဆီးမည့် အဆောက်အအုံ အလုံး ၂၀ ဟူ၍ အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဖြိုချဖျက်ဆီးလျက်ရှိရာ ယနေ့တွင် ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးရန် သတ်မှတ်ထားသည့် အဆောက်အအုံ အလုံး ၂၀ အနက် ခုနစ်ထပ် လူနေအဆောက်အအုံ တစ်လုံးကို စနစ်တကျ ထပ်မံဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များအနေဖြင့် ယနေ့အထိ အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် အဆောက်အအုံ စုစုပေါင်း ၆၆ လုံးအား စနစ်တကျ ဖြိုချဖျက်ဆီးပြီး ဖြစ်ကြောင်းနှင့် ဖျက်ဆီးရန် ကျန်ရှိသည့် တရားမဝင် အဆောက်အအုံ ၁၁ လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ဒုတိယပိုင်းသွင်းဂိုးများဖြင့် သစ္စာအားမာန်အမျိုးသမီးအသင်းကို အနိုင်ရရှိခဲ့သည့် ရန်ကုန်ယူနိုက်တက်အမျိုးသမီးအသင်း

**ရန်ကုန် ဇွန် ၂၉**

ရန်ကုန်ယူနိုက်တက် အမျိုးသမီးအသင်းနေဖြင့် MWL Week (3)အဖြစ် သစ္စာအားမာန်အမျိုးသမီးအသင်းနှင့် YUSC ကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့ပြီး နှစ်ဂိုး၊ တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့သည်။

ပွဲစဉ်၏ အဖွင့်ဂိုးကို သစ္စာအားမာန်အမျိုးသမီးအသင်းမှ ရရှိခဲ့ကာ မြတ်နိုးခင်က သွင်းယူခဲ့ပြီး ပထမပိုင်းတွင် ဦးဆောင်ခဲ့သည်။

ပွဲစဉ်ဒုတိယပိုင်းတွင် ရန်ကုန် အမျိုးသမီးအသင်းမှ လူစားလဲမှုများပြုလုပ်ကာ သွင်းဂိုးများ ရရှိရေးကြိုးစားခဲ့ပြီး ပွဲချိန် ၆၅ မိနစ်တွင် လူစားဝင်ကစားသမား ဒေစီအောင်က ရန်ကုန်အမျိုးသမီးအသင်းအတွက် ချေပဂိုးကို သွင်းယူပေးခဲ့သည်။ ထို့နောက် မိနစ် ၇၀ တွင် ရန်ကုန်အမျိုးသမီးတိုက်စစ်မှူး ဇင်မိုးပြည့်အား သစ္စာအားမာန် အမျိုးသမီးအသင်းနောက်ခံလူမှ ပင်နယ်တီဧရိယာအတွင်း ဖျက်ထုတ်ပုံကြမ်းသဖြင့် ရန်ကုန်အမျိုးသမီးက ပင်နယ်တီရရှိခဲ့ကာ ထိုပင်နယ်တီကို ဇင်မိုးပြည့်က အဆုံးသတ်သွင်းယူပေးခဲ့သည်။

ရန်ကုန်ယူနိုက်တက်အမျိုးသမီးအသင်းသည် လက်ရှိတွင် ၃ ပွဲကစား၊ ၃ ပွဲနိုင်ဖြင့် ရမှတ် ၉ မှတ်ရရှိထားကာ လာမည့် ဇူလိုင် ၆ ရက်တွင် အား/ကာသိပ္ပံအမျိုးသမီးအသင်းနှင့် ပဒုမ္မာကွင်းတွင် ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

(NGB)

